


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ကိုယ်ကိုယ်တိုင် သောတာပန် တည်ပြီလား

၁၅၀

ဟောကြားသည့်နေ့

၅-၁-၅၉

ကျေးဇူးတော်ရှင်. အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# ကိုယ်ကိုယ်တိုင်သောတာပန်တည်ပြီလား

THITSARPARAMI LIBRARY
Date ..........

ဟောကြားသောနေ့ (၅-၁-၅၉)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# ကိုယ်ကိုယ်တိုင် သောတာပန်တည်ပြီလား

ဟောကြားသည့်နေ့ (၅-၁-၅၉)

ကတညာဏ် ကတညာဏ်ကို ဘယ်အချိန် ဘယ်လိုညာဏ်နဲ့ဆိုမှ ကတညာဏ်ဆိုတဲ့ ဥစ္စာကို ရောက်တယ်ဆိုတာကို ရှင်းပြမယ်။

ဒါဖြင့် ဒီနေ့ဟောရမယ့်တရားသည် ဒကာ ဒကာမတွေ မှတ်စရာက ကတညာဏ်ကို အဓိကထားဟောလိမ့်မယ်လို့ မှတ်ထားရမယ် . . . (မှန်ပါ့)။

ဘာညာဏ် ဟောမှာပါလိမ့် . . . (ကတညာဏ်ကို ဟောမှာပါဘုရား) ကတညာဏ်ကို ဟောတဲ့အတွက် အထူးသဖြင့် အရေးကြီးတယ်လို့ မှတ်ပါ။

## ကိုယ်ကိုယ်တိုင်သောတာပန်တည်ပြီလား

ကတညာဏ် ဘယ့်နှယ်ကြောင့် အထူးသဖြင့် အရေးကြီး ရပါသတုံးလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင်ဖြင့် ဒို့ သောတာပန် တည်တယ်၊ မတည်တယ်ကို ဝေဖန်နိုင်တဲ့ဉာဏ်။

ကိုယ်ကိုယ်တိုင် သောတာပန် တည်တယ်၊ မတည် သေးဘူးဆိုတာ ဝေဖန်နိုင်တဲ့ဉာဏ်လို့မှတ်ပါ။

## အာရုံကပြောပါလိမ့်မယ်

ဒါဖြင့် ကိုယ်ကိုယ်တိုင် သောတာပန် တည်တယ်၊ မတည်တယ်ဆိုတဲ့ဥစ္စာ အာရုံက ပြောပါလိမ့်မယ်လို့ မှတ်ထား ဘယ်သူကပြောတုံး . . . (အာရုံက ပြောမှာပါဘုရား)။

အာရုံကပြောပါလိမ့်မယ်လို့ မှတ်ထားကြပါ။ အဲတော့ကို အာရုံက ပြောမှသာလျှင် သြော် . . . ဒါက ဒုက္ခချုပ်တာ၊ ဒါကဉာဏ်ထဲမှာ ဒုက္ခဖျတ်ဆို ချုပ်သွားတာ။

## ငါသည်ကိစ္စပြီးပြီ

ဒါက နိဗ္ဗာန်တည်းဟူသော တရားကြီးပေါ်လာတာ သြော် . . . ဒါဖြင့် ငါသည် ကိစ္စပြီးပြီဆိုတော့ နိဗ္ဗာန်တရားကြီး ပေါ်လာတာ မြင်မှ ငါသည် ကိစ္စပြီးပြီ ဆိုတဲ့ဥစ္စာဉာဏ်ထဲမှာ ဆုံးဖြတ်ချက် ချနိုင်မှာ။

သို့သော် ဒီဉာဏ်ကို နှစ်ချက်မှတ်ကြပါလို့ မှတ်ပါ။ နှစ်ချက်က ဘာတုံးဆိုလို့ရှိရင်ဖြင့် ဒုက္ခဆုံးတာက တစ်ချက်၊ ဒုက္ခအဆုံးမှာ နိရောဓပေါ်လာတာက တစ်ချက်။

## ဒုက္ခဆုံးမှန်းသိရမယ်

အဲဒါ ဒုက္ခဆုံးမှန်းလည်း သိရမယ်။ နိရောဓပေါ်လာတာလည်း သိရမယ်။ ဒီလိုဆိုမှသာလျှင် ကတဉာဏ်အစစ်လို့ မှတ်ထားပါ။

ကတဉာဏ် ဒကာ ဒကာမတွေ မိမိတို့လုပ်နေတဲ့ အလုပ်ကိစ္စပြီးတဲ့ ကိစ္စပြီးတယ်လို့ သိတဲ့ ဉာဏ်ဟာ ကတဉာဏ်။

သို့သော် ဒီကတဉာဏ် ကိုယ့်ကတဉာဏ်ကို ကိုယ်ဆုံးဖြတ်ချက်ချဖို့ရာက ဒုက္ခရှေ့တွင် ချုပ်ပျောက်သွားတာကိုလည်း ဒုက္ခတွေ မလာတာကိုလည်း သိရမယ်။

## နိရောဓပေါ်လာတာသိရမယ်

ဒုက္ခတွေ မလာသည်နဲ့ နိရောဓပေါ်လာတာကိုလည်း သိရမယ်။ ဒီနှစ်ချက် သိမှသာလျှင် ဒကာ ဒကာမတို့ ဩော် . . ငါသည် သောတာပန်တည်သည်၊ ကိစ္စပြီးပြီဆိုတဲ့ ကတဉာဏ်ဟာ သေချာပါလိမ့်မယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကတညာဏ်ဟာ အရေးကြီးတယ်နော် အားလုံးဒကာ ဒကာမတွေ ဘယ်ညာဏ်အရေးကြီးတုံး . . . (ကတညာဏ် အရေးကြီးပါတယ်ဘုရား)။

ကတညာဏ် ကိုယ့်ကိုယ်ကို ရှုရင်း မတ္တနဲ့ ပေါ်တယ်၊ မပေါ်တယ်ကို သိဖို့ရာက ထပ်ပြောပါ့မယ်။

## ကိုကဲစ္စပြီးပြီလို့ မှတ်ပါ

ဒုက္ခဆုံးတာလည်း ကိုယ်တိုင်သိရမယ်၊ ဒုက္ခအဆုံးမှာ နိရောဓဆိုတဲ့ ဓမ္မကြီးပေါ်လာတာလည်း ကိုယ်တိုင် သိရမယ်။

ဤကဲ့သို့ သိလို့ ဒကာ ဒကာမတွေသည် ကားလို့ဆိုရင် ပြန်တွေးလိုက်လို့ ဩော် . . ဒုက္ခလည်း ဆုံးတာလည်း တွေ့လိုက်တယ်၊ ဒုက္ခအဆုံးမှာ နိရောဓဆိုတဲ့ သဘောကြီး ပေါ်လာတာ မျက်မြင်နဲ့ထင်ရှားလိုက်တယ်လို့ ထင်မြင်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒို့ ကိစ္စပြီးပြီလို့ မှတ်ပေတော့။

## သောတာပန်ဟာချို့မပေါက်ဘူး

ဒါဖြင့် ဒီဥစ္စာ အလွန်အရေးကြီးတဲ့ညာဏ်ဆိုတာ ဒကာ ဒကာမတွေ အရေးတကြီး နာရလိမ့်မယ်၊ အရေးတကြီး ကိုယ့်စိတ်ထဲ မှတ်ထားရလိမ့်မယ်ဆိုတဲ့ ဥစ္စာ သောတာပန်ဟာ ချို့မပေါက်ဘူး ဒီညာဏ်နှစ်ညာဏ် အမြင်ရှင်းမှ၊ ရှင်းပလား . . (ရှင်းပါပြီ ဘုရား)။

သောတာပန်ဟာ ချိုပေါက်ကဲ့လား . . (မပေါက်ပါဘူး ဘုရား) တာရှင်းရမတုံး . . (ဒီဉာဏ်နှစ်ဉာဏ် အမြင်ရှင်းရမှာပါ ဘုရား)။

ဒုက္ခရှေ့တွင် ဖျတ်ခနဲ ဆုံးတာလည်း သိရမယ်၊ ဒုက္ခဆုံးတာ နိဗ္ဗာန်ကြီး ဘွားခနဲပေါ်လာတာလည်း သိရမယ်၊ ဒီလိုသိတဲ့ အခါကျတော့မှ ဩော် . . . ငါ သောတာပန် ကိစ္စဖြင့်ပြီးပေါ့ပဲ ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ကိုယ်တိုင်ဉာဏ်နဲ့ ကိုယ်တိုင် ဆုံးဖြတ်ချက်ချလို့ရှိရင်ဖြင့်တဲ့ ဒီနှစ်ချက်မြင်လိုက်လို့ရှိရင်ဖြင့် ကတဉာဏ်အစစ်ပေါ်တယ်လို့ ဒကာ ဒကာမတွေ အောက်မေ့ရမယ်။

ဒါဖြင့် ကတဉာဏ်သည် နှစ်ချက်မြင်ပေါ့ဗျာ . . . (မှန်လှပါ) ဘယ်လိုဆိုကြမယ် . . . (နှစ်ချက်မြင်ပါဘုရား)။

## ဒီနှစ်ချက်မြင်ရင်သောတာပန်

ဒုက္ခ ဆုံးတာကိုလည်း မြင်တယ် . . . (မှန်ပါ) ဒုက္ခအဆုံး နိရောဓ ပေါ်လာတာကိုလည်း . . . (မြင်ပါတယ် ဘုရား)။

ဤနှစ်ချက်မြင်လို့ရှိရင်ဖြင့် သူတစ်ပါးတော့ မပြောနိုင်ဘူးတဲ့ ကိုယ့်ဟာကိုယ်တော့ဖြင့် ငါဒီနေ့သောတာပန်တည်ပေါ့ ဆိုတာ သိသွားတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ချက်မြင်တာတုံး . . . (နှစ်ချက်မြင်တာပါဘုရား)။ ဦးဘအုန်း ထပ်ပြောနေတာ၊ ဦးခင်မောင်တို့ ထပ်ပြောနေတဲ့ အဓိပ္ပါယ်ဟာ အရေးကြီးလို့နော် . . . (မှန်လှပါဘုရား)။

## အရေးကြီးလို့ထပ်ပြောတာ

အရေးကြီးလို့ထပ်ပြောတာ . . . (မှန်ပါ့) ဘယ်နှစ်ချက်မြင်ရမှာပါလိမ့် . . . (နှစ်ချက်မြင်ရမှာပါဘုရား)။

ဒုက္ခဆုံးတာလည်း . . (မြင်ရမှာပါဘုရား) နိရောဓပေါ်လာတာကော . . . (မြင်ရမှာပါဘုရား)။

အဲ ဒါကြောင့် ဒကာ ဒကာမတွေ အာရုံတက်တာ နှစ်ချက်မြင်ရမယ်၊ အာရမ္မဏိက ဘက်ကတော့ ရှင်းပါတယ်ဟဲ့ မဂ်ပေါ်တာလည်း ဒီမဂ်က မြင်တာပဲဆိုတာလည်း သိတယ်။

ကိလေသာ ချုပ်သွားတာတော့ ဒကာ ဒကာမတွေက မသိလိုက်ငြားသော်လည်း ဒုက္ခအဆုံးမြင်တာနဲ့၊ ဒုက္ခအဆုံးမှာ နိရောဓပေါ်လာတာ မြင်လိုက်လို့ရှိရင် သူချုပ်လို့ ပေါ်လာတာလို့သာ မှတ်ပေတော့ . . (မှန်ပါ့)။

သူကတော့ အထူးချုပ်နေတာမဟုတ်တော့ဘူး . . . (မှန်လှပါ)။ ကိလေသာ အထူးချုပ်နေရတာမဟုတ်တော့ မင်းသွားတော့လို့ နှင်ရပြုရတဲ့ တရားမျိုး မဟုတ်ဘူးလို့ မှတ်ရမယ် နော်။

## ကတညာဏ်လာတော့မယ်ဆိုရင်

အဲတော့ ဒကာ ဒကာမတို့ ကတညာဏ်လာတော့မယ်ဆိုလို့ရှိရင်ဖြင့် ဉာဏ်ထဲမှာ ဘယ်လိုအမြင်ထူးတယ်ဆိုတာ ကိုလည်း ဦးဘတင် တစ်နံပါတ် သိဖို့အရေးကြီးတယ် . . . (မှန်ပါ့)။

ကတညာဏ် ပေါ်လာတော့မယ်ဆိုတော့ ကိစ္စပြီးတော့မှာကိုးဗျ . . . (မှန်လှပါ)။

ကိစ္စပြီးတော့မှာဆိုတော့ တပည့်တော်တို့ ဉာဏ်ထဲမှာ ရှုနေတဲ့အခါ ဘယ်လိုအမြင်မှာ ထူးထူးခြားခြား များ လာပါလိမ့်မလဲလို့ ဆိုတဲ့ဥစ္စာ သိဖို့ရာ တစ်နံပါတ် အရေးကြီးတယ် . . (မှန်ပါ့)။

အဲဒီ ကိစ္စကို မြင်ပြီးသကာလ လာတဲ့ဥစ္စာကိုလည်း ဘယ်လိုမြင်မှသာလျှင် ဒီဥစ္စာ ကတညာဏ်၏ အမြင်ပြီးဆုံးတော့မလို့ အမြင်ပဲဆိုတဲ့ဥစ္စာ သိဖို့ရာ သိပ်အရေးကြီးပါတယ်။

အဲ့ဒါကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာက စက်ယန္တရား၊ ရဟတ်ချားသို့၊ မနားမလပ်၊ မနားမရပ်၊ ပတ်ပတ်ထွေရီ ဒုက္ခတွေ မြင်လာလိမ့်မယ်။

စက်ယန္တရား ရဟတ်ချား သို့တဲ့ ချားများ၊ ရဟတ်များ လည်နေတဲ့ဥစ္စာ ဒီနေရာ တော်ကြာ ဒီနေရာ ဒီဟာရောက်လာ၊ တော်ကြာဒီနေရာ ဒီဟာရောက်လာ၊ ဒီပြင်ဟာရောက်ကို မရောက်ဘူး၊ ဒီတစ်မျိုးတည်း ရောက်လာတယ် ဆိုတာကော မထင်ရှားဘူးလား . . (ထင်ရှားပါတယ်ဘုရား)။

ဒီရဟတ်ကြီး လည်နေတော့ ဒီရဟတ်ကြီးထဲပဲ ရောက်တာပဲ ဒိပြင်ဟာ ဘာရောက်စရာရှိသေးတုံး . . (မရှိပါဘူး ဘုရား)။

## ကတညာဏ်ရောက်ခါနီးရင်

ဖျတ်ဆို ဉာဏ်ထဲမှာ နှလုံးသွင်းတိုင်း သွင်းတိုင်း ဘုန်းကြီး တို့ ဒကာ ဒကာမတွေ ကတညာဏ် ရောက်ခါနီးလာပြီဆိုမှဖြင့် ဘာရှုရှု။ အနိစ္စလည်း မတွေ့ဘူး၊ ထိုင်ပြုနေတဲ့ ဒုက္ခလည်း မတွေ့ ဘူး၊ ခါတိုင်းတွေ့နေတဲ့ အနတ္တလည်း မတွေ့ဘူး။

ဘာတုံးဆိုလို့ရှိရင်ဖြင့်တဲ့ ဒုက္ခစက်ကြီးလည်နေတာ တစ်ခုတည်းသာ ကိုယ့်ဉာဏ်ထဲ တွေ့နေတာပဲ သဘောကျပလား ဘာကြီး လည်နေတာ တွေ့ရတုံး . . (ဒုက္ခစက်ကြီး လည်နေတာ တွေ့ရပါတယ်ဘုရား)။

ဒုက္ခစက်ကြီးလည်၊ ပုဂ္ဂိုလ် သတ္တဝါတွေ အကုန်ပျောက် ဒကာ ဒကာမတို့ ပုဂ္ဂိုလ်သတ္တဝါတွေ ဘယ့်နှယ်တုံး. . . (အကုန်ပျောက်ပါတယ်ဘုရား)။

ဘယ်ဟာတွေ တွေ့နေတုံး. . . (ဒုက္ခစက်ကြီးလည် နေတာ တွေ့ပါတယ်ဘုရား) ဒုက္ခစက်ကြီးလည်နေတာ တွေ့တယ်။

ဒုက္ခစက်ကြီးလည်နေတဲ့ ဥစ္စာက အကောင်အထည် လည်နေတဲ့ ဟိုရှေ့တုန်းက ဒကာ ဒကာမတွေ ရှေ့တုန်းက မြင်ဘူးတဲ့ မြင်းရုပ်တွေ ဆင်ရုပ်တွေလိုလည်တဲ့ အလည်မျိုးလည်း မဟုတ် ပါဘူးပေါ့ဗျာ. . . (မှန်ပါ့)။

ဒီရှေ့မှာပဲ ဖြစ်လိုက် ချုပ်လိုက်၊ နောက်တစ် ခါလာပြန် လည်း ဖြစ်လိုက် ချုပ်လိုက်၊ နောက်တစ်ခါ လာပြန်လည်း ဖြစ်လိုက် ချုပ်လိုက်။

ဒီဖြစ်ချုပ်တာတွေတော့ ဒကာ ဒကာမတို့ ဘယ်စိတ် ဘယ်စိတ်ပေါ်တယ်လို့ လဲမသိတော့ဘူး ဘယ်ရုပ်တရားရယ်လို့ လဲ မသိတော့ဘူး။

ဒါလေးနှစ်ခုအသေအချာမှတ်စမ်း၊ ရုပ်တရားရယ်လို့ လည်းမသိဘူး၊ နာမ်တရားရယ်လို့လည်း မသိတော့ဘူး၊ ဖြစ် ချုပ်သာသိတယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဖြစ်ချုပ်သာသိတယ်

ဘယ်လိုသိပါလိမ့်. . . (ဖြစ်ချုပ်သာသိပါတယ်ဘုရား) ရုပ်တရားရယ်လို့လည်း. . . (မသိပါဘုရား) နာမ်တရားရယ်လို့ (မသိပါဘုရား)။

ဘယ်လိုများသိပါလိမ့် . . . (ဖြစ်ချုပ်သာသိပါတယ် ဘုရား) ရုပ်နာမ်ရယ်လို့ မဟုတ်ဘူး ဒုက္ခတွေချည့်ပဲသိတော့တာပဲ

ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေသာလှည့်နေတာ သာမြင်တော့တယ် ရုပ်ကိုရှုတယ်လို့ သူမသိတော့ဘူး။

နာမ်ကို ရှုတယ်လို့လည်း မိမိမသိတော့ဘူး ဘယ်လိုသာ သိနေတုံး . . . (ဖြစ်ချုပ်ပဲသိပါတယ်ဘုရား)။

ဖြစ်ချုပ်ဒုက္ခကြီးသာ တွေ့နေတယ်၊ သဘောကျပလား (ကျပါတယ်ဘုရား) ဘာတွေတွေ့ရမယ် . . . (ဖြစ်ချုပ်ဒုက္ခကြီး သာ တွေ့ရပါတယ်ဘုရား)။

## ကတညာဏ်လာတော့မလို့

အဲဒါကတညာဏ်လာတော့မယ်ဆို ဒါချည်းဆက် တွေ့ တော့တာ ဒကာ ဒကာမတို့ ကတညာဏ်လာမယ်ဆိုတော့ ဘာတွေ့ရ(ဖြစ်ချုပ်သာ တွေ့ရပါတယ်ဘုရား)။

ဖြစ်ချုပ်ဒုက္ခကြီးဆက်တွေ့နေတာ ရုပ်လား၊ နာမ်လား ကိုယ့်ဟာကိုယ် မသိတော့ဘူး၊ သဘောကျပလား . . . (မှန်ပါ)။

ရုပ်နာမ်လို့ကို ခွဲမနေချင်ဘူး၊ အဲ့ဒါတွေ အောက်ဉာဏ် တွေလို့မှတ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဉာဏ်ထဲမှာထင်လာတယ်

ရုပ်နာမ်ခွဲနေတာတွေက အောက်ဉာဏ်တွေလို့မှတ် ကတညာဏ်ရောက်ခါနီးကျတော့ ကို စက်ယန္တရား၊ ရဟတ်ချားသို့

မနားမရပ်၊ ပတ်ပတ်ထွေရှိ ဒုက္ခတရားကြီးလည်နေပါသည်လို့ ဉာဏ်ထဲမှာထင်လာတာကိုဗျ၊

ဉာဏ်ထဲဒီလိုထင်လာတယ်၊ ဒုက္ခစက်ကြီးလည်နေတာပဲ ထင်တယ် ဘာမှမထင်လာတော့ဘူး. . . (မှန်ပါ)။

ဦးခင်မောင် ဒီဥစ္စာ ဒီပုံမှာရှင်းပြီးသကာလ ပြရတဲ့အတွက် ဒကာ ဒကာမတွေ ဒီအတိုင်းမြင်မှ အမြင်မှန် ကတဉာဏ် ဆုံးတော့မလို့လာတာကိုးလို့ ဆိုတာမှတ်ရမယ် . . . (မှန်ပါ့)။

## ဒုက္ခစက်ကြီးလည်နေတာ

ဘာကြီးလည်နေတာမြင်ရမတုံး. . . (ဒုက္ခစက်ကြီး လည်နေတာမြင် ရမှာပါဘုရာ) ဒုက္ခစက်ကြီးလည်နေတာ ရုပ်တွေ နာမ်တွေ ပေါ်သေးရဲ့လား. . . (မပေါ်တော့ပါဘူးဘုရား)။

မပေါ်တော့ပါဘူး ဖြစ်တာရယ်၊ ပျက်တာရယ်၊ ဖြစ်တာရယ်ပျက်တာရယ်၊ ဖြစ်ဒုက္ခရယ် ပျက်ဒုက္ခရယ်၊ ဖြစ်ဒုက္ခရယ်၊ ပျက်ဒုက္ခရယ်ဆိုတဲ့ ဒကာ ဒကာမတွေ ဒီနှစ်ခုသာ လျှင် ဉာဏ်အောက်ရောက်လာတာဖြင့် ဒီနှစ်ခုပဲ တွေ့တော့ တယ်။

ရုပ်လည်းမတွေ့ဘူး၊ နာမ်လည်းမတွေ့ဘူး၊ ပုဂ္ဂိုလ်လည်း မတွေ့ဘူး၊ သတ္တဝါလည်းမတွေ့ဘူး၊ ပညတ်လည်းမတွေ့ဘူး၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘာမှ မတွေ့တော့ဘူးတဲ့ ဒုက္ခတစ်ခုတည်းသာ လှည့်တွေ့နေတာပဲ ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘယ်လိုများတွေ့နေ . . . (ဒုက္ခတစ်ခုတည်းသာ လှည့်တွေ့နေပါတယ်ဘုရား)။

ဒါကြောင့် ပစ္စုပ္ပန်ဆိုတဲ့ဥစ္စာ ဉာဏ်ထဲကို ထင်ဖို့ပြောတာနော် . . . (မှန်ပါ့)။

## ဒီလိုမြင်မှ အမြင်မှန်

ဉာဏ်ထဲမှာ ယောဂီပုဂ္ဂိုလ်များမှာ ဒီလိုထင်မှ အထင်မှန်၊ ဒီလိုမြင်မှ အမြင်မှန် ဆိုတဲ့ဥစ္စာ အတော်အရေးကြီးတယ်. . . (မှန်လှပါဘုရား)။

စက်ယန္တရား၊ ရဟတ်ချားသို့ မနားမရပ်၊ ပတ်ပတ်ထွေရီ ဒုက္ခတရားကြီး လည်နေပါသည်ဟု ဉာဏ်ထဲမှာထင်လာတယ်။

ဒုက္ခတွေလည်ပတ်နေတာသာ ထင်လာတယ်. . . (တင်ပါ့) နောက်တစ်ခုလာလည်း ဒုက္ခပဲ၊ ချုပ်သွားတာလည်း ဒုက္ခပဲ၊ တွေ့ရတာလည်း ဒုက္ခပဲ ဘာမှမလှည့်တော့ဘူး ဒုက္ခလည်နေတာပဲတွေ့တယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)

ဘာတွေလည်နေတာတွေ့. . . (ဒုက္ခတွေလည်နေတာတွေ့ပါတယ်ဘုရား) အဲ ဒုက္ခတွေလည်နေတာ တွေ့တော့မှ ဒကာဒကာမတို့ ဖျတ်ဆို ဒုက္ခတွေလည်နေတဲ့ အခါမှာ အလှည့်ဉာဏ်က ပြောင်းထွက်သွားတယ်။

## မဂ္ဂင်ငါးပါး

ဒုက္ခတွေလည်နေတုန်းကဖြင့် အင် ဒီဥစ္စာသည် မဂ္ဂင်တွေတော့ ထိုက်တန်သလောက် ဖြစ်တာပဲ ငါးပါး လောက်တော့ဖြစ်နေတာပဲ။

ဖျတ်ဆို ဒီဒုက္ခကြီးဟာဖြင့် လည်နေတဲ့ ဒုက္ခကြီးဟာဖြင့် ဘဝများစွာ သံသရာကလည်း မတွေ့ဖူးဘူး၊ ခုမှ ကိုယ့်ခန္ဓာ ဒုက္ခစက်ကြီး လည်နေတာကို ကိုယ့်ကိုယ်တိုင် သိရတဲ့အတွက်။

## မဂ္ဂင်ရှစ်ပါး

ဩော်. . . ဒီဒုက္ခကြီးနဲ့ဖြင့်ကြုံလည်းမကြုံချင်ပါဘူး၊ ဆုံလည်းမဆုံချင်ပါဘူး၊ နေလည်းမနေချင်ပါဘူး၊ လိုလည်း မလိုချင်ပါဘူး၊ ရလည်းမရချင်ပါဘူး ဆိုတာ တစ်ခါတည်း မဂ္ဂင်ရှစ် ပါးပြောင်းထွက်သွားတယ်။

ပြောင်းထွက်သွားသည်နဲ့ တစ်ပြိုင်နက်တည်း ဖျတ်ဆို ဒုက္ခကြီးက ဉာဏ်အောက်မှာပင်ပျောက်ထွက်သွားတယ်၊ ဘာပျောက်သွားတုံး. . . ခုနက လည်နေတဲ့ ဒုက္ခကြီး ဘယ့်နှယ် ဖြစ်သွားတုံး. . . (ပျောက်ထွက်သွားပါတယ်ဘုရား)။

ပျောက်သွားတယ်၊ ပျောက်သွားတဲ့အခါကျတော့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့၊ သူလည်းပျောက်သွားရော ဒကာ ဒကာမတွေဉာဏ်ထဲမှာ ဘယ့်နှယ့်ဖြစ်လာတုံး . . .

အင်းဒီဥစ္စာ ဒုက္ခမရှိတဲ့နေရာ ဒီနေရာကိုးဆိုတာ တစ်ခါတည်း ဉာဏ်က စိုက်သွားတယ် . . . (မှန်လှပါ)။

## ဒုက္ခမရှိတဲ့နေရာ

ဒုက္ခပျောက်သွားတော့ ဒုက္ခမရှိတဲ့နေရာ ဉာဏ်ကစိုက်သွားတယ်၊ သဘောကျပလား. . (မှန်ပါ့)။

ဒုက္ခပျောက်သွားတော့ ဉာဏ်က ဘယ်ဆိုက်သွားတုံး . . . (ဒုက္ခမရှိတဲ့နေရာ) ဒုက္ခမရှိတဲ့နေရာ ဆိုက်သွားတယ်။

ဒါဖြင့် ဒုက္ခပျောက်တာလည်း သူသိလိုက်တယ်၊ ဒီဉာဏ်ဟာနော် ဒုက္ခမရှိတဲ့နေရာ ဆိုက်သွားတာလည်း သူ ဆိုက်သွားလို့ သူမသိပေဘူးလား . . . (သိပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကိုလည်း ပိုင်းခြားတာ တစ်ပြိုင်တည်း နိရောဓသစ္စာဆိုတဲ့ ဒုက္ခမရှိတဲ့နေရာ ဆိုက်သွားတော့ နိရောဓမြင်တာလည်း တစ်ပြိုင်နက်တည်းလို့ မှတ်ရမယ် . . . (တင်ပါ့)။

အဲဒီလိုမြင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ကြော် . . . တစ်ခါမြင်တယ်ဆို ကြာတာမှမဟုတ်ပဲ မဂ်ပြီး ဖိုလ်လာပစ်လိုက်တာကိုး မဂ်ကတစ်၊ နှစ်။

တစ်၊ နှစ်ချုပ်သွားပြီးနောက်ဖိုလ်၊ မဂ္ဂင်ပြီးတော့ ဖိုလ်ပြန်လာတာပဲ ဆိုသော်ငြားလည်း ဒီအတိုင်းပဲ လာတာပဲတဲ့။

## မင်္ဂအမြင်

အဲဒီလို လာတဲ့အခါကျတော့မှ ဖိုလ်ကလည်း အဲဒီ ဖိုလ်ကျတော့ ခုနက မဂ်တုန်းကတော့ ဒုက္ခချုပ်တာရယ်၊ အင်း ဒုက္ခဖျတ်ခနဲ ချုပ်တာရယ်၊ နိဗ္ဗာန်ပေါ်တာရယ် တစ်ပြိုင်တည်း မြင်လိုက်တယ်။

နောက်မဂ်ချုပ်သွားတဲ့ အခါကျတော့ ဖျတ်ဆို သောတာပတ္တိဖိုလ်လေးပေါ်လာတဲ့ အခါကျတော့ ဒုက္ခချုပ်တာ သူမမြင်တော့ဘူး နိဗ္ဗာန်တစ်ခုတည်း၊ ဒီဒုက္ခချုပ်တဲ့နေရာသာ၊ ဒုက္ခချုပ်တဲ့သဘောကြီးဒါကိုသာ မြင်တော့တယ်- ဒုက္ခမမြင် တော့ဘူး။

## မဂ်အမြင်နဲ့ ဖိုလ်အမြင်ခြားနားတယ်

ဒါဖြင့် မဂ်အမြင်နဲ့ ဖိုလ်အမြင်အတော်ခြားနားတယ် ဆို တာကော သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မဂ် အမြင်က ဒုက္ခပဲ ပိုင်းခြားတယ်၊ နိဗ္ဗာန်ပဲမြင်တယ်၊ ရှင်းပလား . . . (မှန်ပါ့)။

ဖိုလ် အမြင်က ဒုက္ခမမြင်ဘူး၊ ရှင်းပလား . . . (မှန်ပါ့) နိဗ္ဗာန်သာမြင်တယ်၊ ဒါအသေအချာ စဉ်းစားနားထောင်မှ ဒီနေ့ တရားက ဒကာ ဒကာမတို့။

မင်္ဂ အမြင်ကတော့ ဘာတုံး . . . (ဒုက္ခချုပ်တာ မြင်ပါတယ်ဘုရား) ဒုက္ခချုပ်တာပဲ မြင်လိုက်တယ်၊ နိဗ္ဗာန်ရောပေါ်လာ တာလည်း သိလိုက်တယ်၊ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

နောက် ဒီနောက်စိတ်ကလေးလာတော့ ဖိုလ်ဆိုတဲ့ ဥစ္စာကတော့ ဒကာ ဒကာမတွေ ခုနက ဒုက္ခချုပ်တာ သူက မမြင်ဘူး။

## ဖိုလ်အမြင်

မဂ်မြင်ပြီးသားဖြစ်တဲ့ ဖိုလ်တစ်ခုသာ ကွက်မြင်တယ်၊ နိဗ္ဗာန်တစ်ခုသာ ကွက်မြင်တယ်လို့ မှတ်ပါ။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဖိုလ်ကတော့ ဘာတွေမြင်တုံး . . . (နိဗ္ဗာန်တစ်ခုသာ မြင်ပါတယ်ဘုရား)။ အဲ ဒုက္ခချုပ်ပြီးသား နိဗ္ဗာန်တစ်ခုကိုသာလျှင် ကွက်ပြီးမြင်တာက ဖိုလ်။

နှစ်ခု ပြိုင်ပေါ်တာက မဂ်၊ တစ်ခုတည်း မြင်တာက (ဖိုလ်) အေး . . . ဒီအတိုင်းမှတ်။

## ပစ္စဝေက္ခဏာစိတ်

နောက်လာမဲ့ စိတ်တွေကတော့ ဒီအတိုင်းချည်းပဲမှတ် ဖိုလ်နောက်ကနေပြီး ပစ္စဝေက္ခဏာ စိတ်ဆိုပြီး ဦးဘတင်တို့ လာလိမ့်မယ်နော် . . . (မှန်ပါ့)။

အဲဒိ လာတာ ဟူသ၍ကတော့ နိဗ္ဗာန်တစ်ခုတည်းပဲ သူကတော့ နှစ်ခုမရှိတော့ဘူး . . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီဥစ္စာ အလွန်အရေးကြီးပါလား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဉာဏ်ထဲမှာပင် သာမည နားနဲ့တော့ ထောင်လို့မရဘူး၊ အလုပ်သမားမှရတာ။

ဦးဘတင် ဘယ်လိုပုဂ္ဂိုလ်မှရတုံး . . . (အလုပ်သမားမှရ ပါတယ်ဘုရား)။ အလုပ်သမားမှရမယ်ဆိုတော့ ဒါက ဘုရားသခင် ကိုယ်တော်မြတ်ကြီးနှင့်တကွ ပဋိသမ္ဘိဒါ မဂ်က ဟောလို့ ဘုန်းကြီး များက သေသေချာချာ မြင်ပုံနှစ်မျိုးကို ခွဲခြားပြီးပြောရခြင်း ဖြစ်ပါတယ်။

ထိုကဲ့သို့ ခွဲခြားပြီး ပြောရခြင်း ဖြစ်တော့ကို ဒကာ ဒကာမတွေက ကိုယ်တိုင်လုပ်ကြည့်တော့ ဒီဟာပဲ လာရမယ်။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ်တိုင်လုပ်ကြည့်တော့ . . . (ဒီဟာပဲလာရမှာပါ ဘုရား)။ မဂ်အမြင်က နှစ်ခု သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဖိုလ် အမြင်က . . . (တစ်ခုပါဘုရား) နောက်တစ်ခါ ကိုယ့်နောက်ကလာတဲ့ ပစ္စဝေက္ခဏာ ဆင်ခြင်တဲ့ အမြင်ကကော (တစ်ခုတည်း) တစ်ခုတည်းချည့်ပဲ၊ နိဗ္ဗာန် တစ်ခုတည်းချည့်ပဲ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲတော့ကိုး ဘုန်းကြီးက ဒီကနေပြီးတော့ ချပြပါ့မယ်တဲ့ ဒကာ ဒကာမတို့ ဒီကနေ ပဋိစ္စသမုပ္ပါဒ်က ဒကာ ဒကာမတွေ သူမပါရင် မပြီးဘူး။

ဘာလို့ သူမပါရင် မပြီးလဲ ဦးခင်မောင်ကမေးမေး၊ ကိုမြရွှေ တို့က မေးမေးပေါ့ဗျာ၊ သူ့ဒုက္ခကို ဘုန်းကြီးတို့က ပြရဦးမှာကိုဗျ . . . (မှန်ပါ့)။

## ပဋိစ္စသမုပ္ပါဒ်ခန္ဓာ

ခန္ဓာကိုယ်ကတော့ ဘာခန္ဓာကိုယ်တုံး မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလို့ ဆိုရုံပဲရှိမယ် . . . (မှန်ပါ့)။

ခန္ဓာက ဘာခန္ဓာ . . . (ပဋိစ္စသမုပ္ပါဒ် ခန္ဓာပါဘုရား)။ သဘောကျပလား . . . (မှန်ပါ့) ခန္ဓာက ဘာခန္ဓာပါလိမ့် . . . (ပဋိစ္စသမုပ္ပါဒ် ခန္ဓာပါဘုရား)။

ခန္ဓာက ပဋိစ္စသမုပ္ပါဒ်ခန္ဓာ ဒါက ဘယ်သူမှငြင်းစရာ မလိုတော့ဘူး၊ လိုသေးလား . . . (မလိုပါဘူးဘုရား)။

ပဋိစ္စသမုပ္ပါဒ် ရပ်သွားတဲ့ အခါကျပြန်တော့လည်း နိဗ္ဗာန်ကိုးဗျ . . . (မှန်ပါ့)။

မရပ်သေးရင် ဒါ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ၊ အမျိုးမျိုး ဒီခန္ဓာတွေဟာ ပဋိစ္စသမုပ္ပါဒ်ချည့်ပဲ . . . မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ရပ်သွားလို့၊ ချုပ်သွားတယ်ဆိုရင်လည်း နိဗ္ဗာန်ပဲကိုး မရပ်သေးရင် ဘာခန္ဓာ ဆိုကြမတုံး . . . (ပဋိစ္စသမုပ္ပါဒ် ခန္ဓာပါဘုရား)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မရပ်သေးရင် ဘယ်ခန္ဓာမဆို ဘယ့်နှယ် . . . (ပဋိစ္စသမုပ္ပါဒ် ခန္ဓာပါဘုရား)။

ကောင်းပြီ ဒါဖြင့် ခန္ဓာနဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒကာ ဒကာမတွေက တခြားစီမှတ်မနေပါနဲ့ အတူတူပဲလို့မှတ်ပါနော် . . . (မှန်ပါ့)။

## ကတညာဏ်မြင်ပုံပြမယ်

ကဲ ခင်ဗျားတို့ ကတညာဏ်မြင်ပုံကို အသေအချာ အကွက်ချပြတော့မယ်နော်၊ ကတညာဏ်မြင်ပုံကို အကွက်ချပြမယ်လို့ မှတ်ကြပါ . . . (မှန်ပါ့)။

ဘာပြမယ် . . . (ကတညာဏ်မြင်ပုံကို အကွက်ချပြမှာပါဘုရား)။ အေး အကွက်ချပြမယ်တဲ့ ဒါ ကိုယ့်ဘဝကြီး ကိုယ့်ဘဝကို ဒကာ ဒကာမတို့ ဒီဘက်က အဝိဇ္ဇာ မှတ်တာပေါ့၊ ဟုတ်ဘူးလား။

ဒီဘက်က သင်္ခါရမှတ်တာပေါ့၊ ဒီဘက်က ဝိညာဏ်၊ သဘောကျပလား၊ ဒီဘက်က ဘာတုံး . . . (နာမ်ရုပ်ပါဘုရား)။

အဲ ဒါဖြင့် ဒကာ ဒကာမတို့ ဒီဟာကတော့ မပါရင် မဖြစ်ဘူးတဲ့ ဒါ ဒုက္ခက္ခန္ဓသကြီးဆိုတော့ ဦးခင်မောင် ဒီဒုက္ခကတော့ဖြင့် လှည့်ပေါ် ရမှာပဲ . . . (မှန်ပါ့)။

လှည့်ပေါ်မှာပဲ . . . (မှန်ပါ့) တခြားလှည့်ပေါ်လို့ရပါ့မလား . . . (မရပါဘူးဘုရား)။

ဘာပြုလို့ ဒီခန္ဓာကိုယ်တော့ဖြင့် မတန်းလို့ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူးဘုရား)။ မဖြစ်လို့ တန်းပြမယ်တဲ့ ပြီးတော့မှ ဘုန်းကြီးက ဒုက္ခ၊ ဒုက္ခစက်လည်ပုံကို ခင်ဗျားတို့ ဉာဏ်ထဲကို ထင်ပုံပြမပေ့ါ . . နော် . . . (မှန်လှပါ)။

ကဲဒါဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ ဒီဘက်ကဘာခေါ်ကြမတုံး . . . (သဠာယတနပါဘုရား) သဠာယတန ထုံးစံအတိုင်း ဒါ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ဒီဘက်က ဖဿ ဟုတ်လား။ ဒီဘက်က ဘာတုံး (ဝေဒနာပါဘုရား) ဝေဒနာ။

ဒီဘက်က . . . (တဏှာ) တဏှာ ထုံးစံအတိုင်းသွား . . . ဒီဘက်က . . . (ဉပါဒါန်) ဉပါဒါန် ဒကာ ဒကာမတို့ ဒါလည်း ရထားရမယ်နော် . . . (မှန်ပါ့)။

ဒီဘက်က ကံ၊ ကမ္မဘဝ၊ ကဲ ဒီဘက်ကဘာတုံး . . . (ဇာတိ)။ ဇာတိ၊ ဒီဘက်က ဇရာ၊ မရဏ ဆိုကြပါစို့ . . နော်။

ဒကာ ဒကာမတို့ ဒီဘက်က နှစ်လုံးကဘာပါလိမ့် . . . (ဇရာ၊ မရဏ ပါဘုရား)။ ဇရာ၊ မရဏလို့ မှတ်ထားတော့ကို ပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ခု မရှိဘူးလား . . . ။

## ဒီ (၁၂)ခုက ခန္ဓာကြီး

ဒီတစ်ဆယ့်နှစ်ခုက ထုံးစံဆယ့်နှစ်ပဲထားပါတော့နော်၊ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ တစ်ဆယ့်တစ်၊ တစ်ဆယ့်နှစ် ကိုက်ပလား . . . (ကိုက်ပါပြီဘုရား)

ကောင်းပြီ ဘာတွေတုံးလို့ မေးလို့ရှိရင်ဖြင့်၊ ဘာတွေတုံး မေးလို့ရှိရင် ဖျတ်ခနဲ ပြောလိုက်ရင် ဒါပဋိစ္စသမုပ္ပါဒ် အားလုံး ဒကာ ဒကာမတွေ ပြောကြမှာပဲ နော် . . . (မှန်ပါ့)။

ဟာ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒကာ၊ ဒကာမတို့၏ ခန္ဓာ ဖြစ်စဉ်ပဲဆိုရင်ကော ဒီ ခန္ဓာကြီးလို့ ဆိုရင်ကောလွဲသလား . . . (မလွဲပါဘူးဘုရား)။

## တစ်ခုချုပ်ပြီးမှတစ်ခုဖြစ်

ဒီခန္ဓာကြီးလို့ ဆိုရင်ကော မလွဲဘူးနော် . . . (မလွဲပါဘူး ဘုရား) ကောင်းပြီ ဒီခန္ဓာကြီးဆိုရင် မလွဲဘူး၊ နို့ ပဋိစ္စသမုပ္ပါဒ်ဟာ ဒီလိုပဲ တန်းနေသလားဗျ၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်သလားလို့ မေးပြန်တော့လည်း ဘယ့်နှယ်ဖြေကြမတုံး . . . (တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ပါတယ်ဘုရား)။

ဩော် ဒီလိုဆိုလို့ရှိရင်တော့ အတန်းမဖြစ်ဘူးပေါ့ . . . (မှန်လှပါဘုရား)။ မဟုတ်ဘူးလား . . . (မှန်ပါ့)။ အတန်းရှိသေး ရဲ့လား . . . (မရှိပါဘူးဘုရား) မရှိရင်တော့ အတန်းမှုမပြုလို့

ရှိရင်တော့ တစ်ဆယ့်နှစ်ခုတော့ ပြည့်မှာ မဟုတ်ဘူး . . . (မှန်ပါ့ဘုရား)။ နော် . . . (မှန်ပါ့)။

အတန်းမှ မပြရင် တစ်ဆယ့်နှစ်ခုတော့ ပြည့်မလား ဒကာ ဒကာမတို့ . . . (မပြည့်ပါဘူးဘုရား)။

## ခန္ဓာကိုယ်ထဲတန်းနေတယ်လို့မှတ်မနေနဲ့

မပြည့် ပြည့်အောင်လည်းပြရတယ်၊ ဒီလိုတန်းနေတယ်လို့ လည်း ခန္ဓာကိုယ်ထဲ မှတ်မနေနဲ့ဦး . . . (မှန်ပါ့)၊ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်တယ် . . . (မှန်ပါ့)။

တစ်ခုချုပ်ပြီးမှ . . . (တစ်ခုချုပ်ပါတယ် ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ တယ် မလွယ်ပါလားဗျ နော် . . . (မှန်ပါ့) မလွယ်ဘူးတဲ့။

ငယ်မှတ်တွေ ဖျောက်ပြီး သကာလ ဘုန်းကြီးဟောတဲ့ ဆီကို ဉာဏ်နဲ့ရှုကြပါလို့ ပြောလိုက်တယ် . . . (မှန်ပါ့) ဒီငယ်မှတ် တွေ ဖျောက်မယ်နော် . . . (မှန်ပါ့)။

ငယ်မှတ်ဆိုတာ မိဘရိုးရာပြောနေတာပဲ . . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့အတိုင်း တစ်ဆယ့်နှစ်ခု တန်းနေတာပဲ . . . (မှန်ပါ့)။

ဟ တစ်ဆယ့်နှစ်ခု တန်းနေလို့ရှိရင်ဖြင့် မိစ္ဆာဖြစ်နေမှာပေါ့ . . . (မှန်ပါ့)။ ဒုက္ခကော ဖြစ်နိုင်သေးရဲ့လား . . . (မဖြစ်နိုင်ပါ ဘုရား)။

## တစ်ဆယ့်နှစ်ခုကဖြစ်စဉ်

မဖြစ်ဘူး၊ တစ်ဆယ့်နှစ်ခုလုံးတန်းမနေပေဘူး၊ တစ်ဆယ့်နှစ်ခုက ဖြစ်စဉ်လို့မှတ်ပါ . . . (မှန်လှပါ) ဘယ်လို မှတ်ကြမယ် . . . (ဖြစ်စဉ်ပါဘုရား)။

ဖြစ်စဉ်၊ ဖြစ်စဉ် ဒကာ ဒကာမတို့ တစ်ဆယ့်နှစ်ခုက ဘာတဲ့ . . . (ဖြစ်စဉ်ပါဘုရား)။

အချိန်ပိုင်းဖြစ်တာကို ပြတာပါ၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)၊ တကယ်ဖြစ်နေတာကတော့ဖြင့် ခန္ဓာကိုယ်ထဲမှာ တစ်ခု တစ်ခုစီလို့ မှတ်တာပေါ့ဗျာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒီဥစ္စာလဲတဲ့ ဒုက္ခစက်ကြီး လည်ပုံတော့ဖြင့် ဒကာ ဒကာမတွေ ရှင်းပြဦးမယ်၊ ဘုရားဟောတော်မူတဲ့နည်း အတိုင်း ဒုက္ခစက်ကြီးလည်နေပုံလည်း ရှင်းပြမယ် . . . (မှန်ပါ့)။

ဒါက ခု ပထမလည်မှာက ဒကာ ဒကာမတွေ သံသရာ ဒုက္ခကို ပြတာ၊ နောက် ဒုတိယလည်မှာက ယခုဖြစ်နေတဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၏ လည်ပုံကိုပြမှာ . . . ။

ခု ပြမှာက ဘာတဲ့ . . . (သံသရာလည်ပုံပါဘုရား) သံသရာလည်ပုံ၊ သံသရာထဲမှာ နေခဲ့၊ ထိုင်ခဲ့ရတဲ့ ဖြစ်စဉ်ကိုပြမှာ . . . (မှန်ပါ့)။

ဟို ကတညာဏ်ကတော့ တကယ်မြင်မှာကတော့ ယျွဖြစ်နေတဲ့၊ ပဋိစ္စသမုပ္ပါဒ်၏ ဒုက္ခကို မြင်လိမ့်မယ် . . . (မှန်ပါ့)။

သို့သော် ဒီ အကျယ်ကို သဘောမကျပဲနဲ့ အကျဉ်းကို သဘောကျမယ်မဟုတ်ဘူး . . . (မှန်ပါ့)။

ဒါကြောင့် ရှေ့ပိုင်းက ဘာကိုပြတုံး . . . (သံသရာလည်ပုံကို ပြပါတယ်ဘုရား)။ သံသရာလည်ပုံဆိုတော့ တစ်သံသရာလုံး လည်ပုံကိုပြတာ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာလည်ပုံပါလိမ့် (တစ်သံသရာလုံးလည်ပုံပါဘုရား) ဩော် တစ်သံသရားလုံး လည်ပုံကိုပြမယ်၊ ကောင်းပြီ ဒါက အကျယ်နော် . . . (မှန်လှပါ)။

အကျယ်ပြီးတော့မှ ကတညာဏ်အစစ်ကို ပြောရတော့မယ်ဆိုတော့၊ လည်ပုံကျတော့ ယျွခန္ဓာထဲပေါ်တဲ့၊ ယျွခဏ ပဋိစ္စသမုပ္ပါဒ် ပြလိမ့်မယ် နောက် ကတညာဏ်ကျတော့ . . . (မှန်ပါ့ ဘုရား)။

သို့သော် အကျယ်မပြောပဲနဲ့၊ အကျဉ်းကိုပြောလိုက်လို့ ရှိရင်ဖြင့် အတိတ်က မပါဘူးလို့၊ သင်္ခါရ မပါဘူးလေး၊ ဇာတိ၊ ဇရာ မပါဘူးလေး၊ ဖြစ်ချင်ဖြစ်နေမယ် . . . (မှန်ပါ့)။

မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။ အဲ့ ဒါကြောင့် ဒီဥစ္စာကို ရှေ့ပိုင်းက ဒါကိုမှတ်ပါ။ နောက်ပိုင်းက ကတညာဏ်လာပုံကို ရှင်းပြမယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အံ့မာလေး ခင်ဗျားတို့ တရားဟောရတာများ လွယ်တယ် များ ထင်မနေနဲ့ဦးနော် . . . (မလွယ်ပါဘူးဘုရား)။

ခု ပြလိုက်တဲ့ ပဋိစ္စသမုပ္ပါဒ် ခုဖြစ်နေတဲ့ သောတဥ္စ ပဋိစ္စ သဒ္ဒေ့စ ဥပ္ပဇ္ဇတိ။

ယျှ ဒွါရခြောက်ပေါက်ကလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပြမယ် ဆိုလို့ရှိရင် ဟောဒီ အဝိဇ္ဇာတဏှာ ကိုမပါဘူး၊ ပါမလား . . . (မပါ ပါဘူးဘုရား)။

ဒီဘက်က ဇာတိ၊ ဇရာ၊ မရဏ . . . (မပါ ပါဘူးဘုရား) မပါတော့ ဘယ့်နှယ့် ပဋိစ္စသမုပ္ပါဒ်ပါလိမ့်မတုံး ဖြစ်ဦးမလား၊ မဖြစ် ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်နှစ်မျိုး

အဲတော့ကို မူလ ပဋိစ္စသမုပ္ပါဒ်၊ ပဝတ္တိ ပဋိစ္စသမုပ္ပါဒ် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိတုံး . . . (နှစ်မျိုးရှိပါတယ် ဘုရား)။

မူလ ပဋိစ္စသမုပ္ပါဒ် မူလဆိုတာ အစကတည်းက လာတာ . . . (မှန်ပါ့)။

## ပဝတ္တိပဋိစ္စသမုပ္ပါဒ်

ပဝတ္တိ ပဋိစ္စသမုပ္ပါဒ် ဆိုတော့ ယျှမှပေါ်လာတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးပါလိမ့် . . . (နှစ်မျိုးပါဘုရား) ဘာတဲ့ . . . (မူလ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား)။

ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုး၊ မူလ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုး ဘယ်နှစ်မျိုးပါလိမ့် . . . (နှစ်မျိုးပါဘုရား)။

ပြန်ပြောပါဦး . . . (မူလ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုး ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုးပါဘုရား)။

## မူလပဋိစ္စသမုပ္ပါဒ်

အဲ မူလ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တစ်သံသရာလုံး လည်ခဲ့ရတယ် အဲ့ဒါ မူလ ဘူတ ပေါ့ဗျာ . . . (မှန်ပါ့) ရှင်းပလား . . . (မှန်ပါ့)။

ပြီးတော့ ဒီ ကတညာဏ်ကို တကယ်ဟောတော့မယ်၊ ထင်မြင်ပုံကို တကယ်ဟောတော့မယ်ဆိုတော့ မူလလို့ မဟော နိုင်တော့ဘူး . . . (မှန်ပါ့)။

ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်ကို ဟောရမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပဝတ္တိ ပဋိစ္စသမုပ္ပါဒ် ဘာလို့ ဟောရမတုံး အိုယ္ဓုဖြစ်တဲ့ ခန္ဓာ ရှုရမပေါ့၊ အဝိဇ္ဇာ၊ သင်္ခါရ တို့ကို ရှုမနေနိုင်ဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဟို ဇာတိ၊ ဇရာ၊ မရဏနဲ့ မသေသေးလို့ တွေ့ပါမလား (မတွေ့ပါဘူးဘုရား) မတွေ့သေးတော့ အဲဒီကျတော့ ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်ကို ဟောရမယ် . . . (မှန်ပါ့)။

ကဲ ဦးခင်မောင် ပဋိစ္စသမုပ္ပါဒ် ဟောနည်းကိုက အတော်ခက်နေတာ . . . (မှန်ပါ့) မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

ဒီဟာကြီး ဟောလိုက်မယ်ဆိုတော့လည်း ခင်ဗျားတို့ရှိရာ ပဋိစ္စသမုပ္ပါဒ်ကြီး နားလည်မှုရှိအောင်ကိုလည်း ဒါမပြောလို့ရှိရင် လည်းမတော်ဘူး . . . (မှန်ပါ့) တော်ပါ့မလား . . . (မတော်ပါဘူး ဘုရား)။

ဒါ ဘယ့်နှယ် အရင်းပျောက်၊ အဖျားပျောက်၊ ဒီလိုမနေ ပေဘူးလား . . . (နေပါတယ်ဘုရား)။

အဲ့တော့ အရင်းလည်း မပျောက်အောင် အဖျားလည်း မပျောက်အောင် မူလ ပဋိစ္စသမုပ္ပါဒ်ကို ရှေးဦးစွာ တရားနာ . . . (မှန်ပါ့)။

ပြီးတော့မှ ကတညာဏ် ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်ကို ဘုန်းကြီး ရှင်းပြမယ် . . . (မှန်ပါ့) ဒီထဲ ပဝတ္တိလည်းပါတော့ ပါပြီးသားပဲ။

ပါပင် ပါငြားသော်လည်း ခင်ဗျားတို့က နှစ်ခုခွဲမှရမယ် နှစ်ခုမခွဲရင် . . . (မရပါဘူးဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ယနေ့ နားကြီးကြီးနဲ့ ထောင်မှ ရမပေါ့ဗျာ . . . (မှန်ပါ့) နားသေးသေးနဲ့ ထောင်ရင်တော့ (မရပါဘူးဘုရား)။

## နားကြီးကြီးနဲ့ထောင်ပါ

မရဘူးတဲ့ အသေအချာမှတ်ပါ၊ နားကြီးကြီးနဲ့ထောင်ပါ ကိုင်းဒါဖြင့် ဒီဥစ္စာကြီးတော့ဖြင့် မိဘရိုးရာနှင့်တကွ ခင်ဗျားတို့က ဘုရားရှိခိုးတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ သိပြီသားပဲထားပါတော့။

ဘုရားရှိခိုးတော့ ကံမထည့်ကြဘူးလား . . . (ထည့်ပါတယ်ဘုရား) ဘာပြုလို့ထည့်တာတုံးဗျ ရှေးရိုးထုံးစံ ရလို့ထည့်တာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဒါဖြင့် ရှည်အောင်လို့ ထည့်တာပေါ့ ရှည်အောင်လို့ ထည့်တော့ သူကလည်း ဘာမှမဆိုင်ဘူးနော် . . . (မှန်ပါ့) သူကလည်း ဘာမှမဆိုင်ဘူး ဒီဥစ္စာ။

လိုရင်းနှလုံးသွင်းတတ်ဖို့၊ သူနဲ့ ပတ်သက်လို့လည်း အန္တရာယ်ကင်းတယ်၊ ဘယ်အကြောင်းမရှိဘူး၊ ရှိပါ့မလား . . . (မရှိပါဘူးဘုရား)။

သူနဲ့ပတ်သက်လို့ အန္တရာယ်ကင်းတယ် ဘယ်အကြောင်း မရှိဘူး သို့သော်လည်း ဒကာ ဒကာမတွေက ဒီဥစ္စာ ဝတ်ရွတ်စဉ်

မှာတော့ ဒီဉစ္စာက ပါပြီးသကာလနေတော့ ကိုယ့်ဖြစ်စဉ်ပဲလို့လည်း သိဖြစ်တာလည်းမဟုတ်ဘူး။

ဒီလိုကော ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား) ဒီလိုလည်းမဟုတ်ဘူး၊ ကိုယ့်ဖြစ်စဉ်လို့လည်း သူမသိဘူး ခက်လိုက်တာက ဘာဖြစ်လို့တုံး အိုဝတ်ရွတ်စဉ်ပါလို့သာ ဆိုကြပါစို့၊ နောက်ဆုံးပိတ်ထိုင်တော့လေ . . . (မှန်ပါ့)။

ဘယ်ထိုင်ရမတုံး (ဝတ်ရွတ်စဉ်ပါဘုရား) ဝတ်ရွတ်စဉ်ပါလို့သာ၊ အဲဒါကိုမသိတာ အတူတူပဲ။

သံသရာကြီး လည်ပုံဆိုလို့ရှိရင် ဒါကို ဦးခင်မောင်တို့ ဦးဘတင်တို့ လည်တယ်ဆိုတာ ဘီးကလည်တာကိုးဗျ . . . (မှန်ပါ့)။

လှည်းဘီးမျိုးမှ လည်တာနော် . . . (မှန်ပါ့) ဒါဘီးမဖြစ်အောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတယ် . . . (မှန်လှပါ)။

## အဝိဇ္ဇာသင်္ခါရက အတိတ်ဘဝ

ဟောထားတော့ ဒကာ ဒကာမတွေ ဒီအထဲမှာ နဂိုက ဘုန်းကြီးသင်ထားတာက အဝိဇ္ဇာ၊ သင်္ခါရက အတိတ်ဘဝလို့ သင်ထားတယ်နော် . . . (မှန်ပါ့) မနှစ်က သင်ထားတယ်မို့လား . . . (မှန်ပါ့)။

အဝိဇ္ဇာ သင်္ခါရက ဘာတဲ့ . . . (အတိတ်ဘဝပါဘုရား) အေး . . ဇာတိ၊ ဇရာ၊ မရဏက . . . (အနာဂတ်ဘဝပါဘုရား) အေး . . အနာဂတ်ဘဝနော် . . . (မှန်ပါ့)။

ဒါက အတိတ်ဘဝ၊ ဒီကြားထဲက ဟာက . . . (ပစ္စုပ္ပန်ဘဝပါဘုရား) ပစ္စုပ္ပန်ဘဝဆိုတာ မနှစ်က မေ့ကုန်ကြပလား . . . (မမေ့ပါဘူးဘုရား) မမေ့နဲ့ဦး၊ မမေ့နဲ့ဦး၊ မေ့လည်းမေ့တဲ့လူကခင်ဗျားတို့ ရောသာလိုက် . . .။

## အနာဂတ်ဘဝ

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ အတိတ်က နှစ်ခုဟုတ်လားဗျာ . . . (မှန်ပါ့) အင်း . . အနာဂတ်က ဖြစ်စဉ်လာလတ္တံ့ကလည်း ဇာတိ၊ ဇရာ၊ မရဏ ထားလိုက်ပါတော့နော်။

အလယ် ရှစ်ခုဆိုတော့ ကိုက်မနေဘူးလားဗျာ . . . (ကိုက်နေပါတယ်ဘုရား) ကိုင်းတစ်ဆယ့်နှစ်ခုတော့ ကိုက်ပါတယ်တဲ့။

ဒါဖြင့် ဒကာ ဒကာမတို့ မနှစ်ကလည်း နည်းနည်းပြောထားပါတယ်တဲ့ မူလပဋိစ္စသမုပ္ပါဒ်ကိုတော့ ဒီနှစ်ခုကိုဘုရားက ဘာဟောလိုက်သတဲ့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့လှည်းဘီးအလယ်မှာ ပဒေါင်းကြီး . . . (မှန်လှပါ) မဟောဘူးလားမနှစ်က . . . (ဟောပါတယ်ဘုရား)။

ဘယ်လိုများဟောပါလိမ့် . . . (ပဒေါင်းကြီးပါဘုရား) ဒါက ကျုပ်တို့ ဒီ ဒေါက်တွေတပ်စရာ ဒီလိုသုံးတာ ဟိုဘက် ဒီဘက် ဒီမှာအပေါက်တွေပါသပေါ့ဗျာ နော်. . ။

အလယ်ပဒေါင်းကြီးဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## လှည်းပဒေါင်းလည်ရင်၊ ကျန်တာတွေလည်တယ်

အဲတော့ကိုးတဲ့ ဒကာ ဒကာမတွေ သိထားရအောင် ဩော် . . အဝိဇ္ဇာ သင်္ခါရဆိုတာ သူ ဘီးလည်တဲ့နေရာဌာနဖြင့် ဗဟိုကနေပြီး သူလည်ရင် ဒိပြင်ဟာတွေ ဒေါက်တွေ မလည်ပါနဲ့၊ သံပတ်ခွေကြီး မလည်ပါနဲ့ဆိုလို့ ဦးခင်မောင် ရ . မရ . . . (မရပါဘူးဘုရား)။

ဒီ ပဒေါင်းကြီးလည်ရင်လေ . . . (မှန်ပါ့) ပဒေါင်းကြီးလည်ရင် ကျန်တာတွေက ဒေါက်တွေက မလည်ချင်ဘူး ဆိုလို့ (မရပါဘူးဘုရား)။

မရဘူး အုပ်ထားတဲ့ သံပတ်ခွေကြီးက . . . (လည်ရမှာပါဘုရား) လည်ရမယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် အဝိဇ္ဇာနဲ့ သင်္ခါရ ဒီမှာထား၊ အဝိဇ္ဇာနဲ့ ဟောဒိ ပစ္စုပ္ပန်ဘဝက ဒကာ ဒကာမတို့ တဏှာ၊ ဥပါန်၊ ကံလို့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီ တဏှာ နှုတ်လိုက်၊ အစက အဝိဇ္ဇာနှုတ်လိုက်၊ အလယ်က ပဋ္ဌုပ္ပန်ဘဝက ဘာနှုတ်လိုက် . . . (တဏှာပါဘုရား)။

## အဝိဇ္ဇာနဲ့တဏှာကပဒေါင်း

အဝိဇ္ဇာနဲ့တဏှာကို ပဒေါင်းလုပ်လိုက် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လောက်ရထားတုံး . . . (နှစ်ခုရထားပါတယ် ဘုရား) ဒီနှစ်ခုရသွားတယ်ဆိုတော့ ဒကာ ဒကာမတွေ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒကာ ဒကာမတွေ၊ ဒီနှစ်ခုဟာ ဘာဖြစ်လို့ ပဒေါင်းကြီးလို့ ဘုရားက ပြောရပါလိမ့်မတုံးလို့ အဋ္ဌကထာဆရာတွေ ဘယ့်နှယ်ကြောင့် ရေးရပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် သူဟာတဲ့ ဘီးမှာ သူမပါလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ဒိပြင် ပစ္စည်း လည်ကို မလည်နိုင်ဘူးတဲ့ . . . (မှန်ပါ့)။

လည်နိုင်ပါ့မလား . . . (မလည်နိုင်ပါဘူးဘုရား) ဒါဖြင့် ပဒေါင်း ပါမှ ဘာတုံး . . . (လည်နိုင်မှာပါဘုရား) လည်နိုင်တယ် ဆိုတာကောင်းကောင်း ကျေနပ်ပလား . . . (ကျေနပ်ပါတယ် ဘုရား)။

**အဝိဇ္ဇာကသစ္စာမသိတာ**

ကောင်းပြီ ပဒေါင်းဟာ နာမည်ဘယ်သူတဲ့တုံးမေးရင် ဘယ့်နှယ့်ပြောမတုံး . . . (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။

အဝိဇ္ဇာက သစ္စာလေးပါးမသိတာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

**တဏှာကခန္ဓာကိုယ်ခင်တာ**

တဏှာက ဒီပစ္စုပ္ပန်ဘဝ ရောက်ရာ ကိုယ့်ခန္ဓာကြီးကိုခင်နေတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက ဘာတုံး . . . (သစ္စာလေးပါး မသိတာပါဘုရား) တဏှာက . . . (ပစ္စုပ္ပန်ဘဝရောက်ရာ ကိုယ့်ခန္ဓာကြီးကိုခင်နေတာပါဘုရား)။

ယ္ခု ပစ္စုပ္ပန် ဘဝထဲက နှုတ်လိုက်တော့၊ ပစ္စုပ္ပန်ဘဝခင်နေတဲ့ တဏှာ၊ ခင်ဗျားတို့က မခင်ကြဘူးလား . . . (ခင်ပါတယ်ဘုရား)။

ကိုယ့်ကိုယ် ကိုများအဟံ အဝေရောဟောမိ မလုပ်ကြဘူးလား၊ လုပ်ကြပါလား . . . (လုပ်ပါတယ်ဘုရား)။

ဘာပြုလို့ လုပ်တာတုံး . . . (ကိုယ်ခင်နေလို့ပါဘုရား)။ မေတ္တာ မဟုတ်ပါလား၊ နို့ ခင်ဗျားတို့ ဥစ္စာ ခင်လို့လုပ်တာပါလား . . . (ခင်လို့လုပ်တာပါဘုရား) . နော်။

မေတ္တာလား၊ ခင်လို့ လုပ်ကြတာလား . . . (ခင်လို့ လုပ်တာပါဘုရား)။

မေတ္တာကတော့ဖြင့် ဒကာ ဒကာမတွေ တခြားပါလား၊ ခင်တာက တဏှာပါလား ဆိုတော့ လွဲမနေဘူးလား . . . (လွဲပါတယ်ဘုရား)။

လွဲချင်လွဲ အဲ့ဒါတွေ မရှင်းနိုင်သေးဘူး အသာထားဦး ဒါတွေ ရှင်းရင် တစ်ညလုံး ရှင်းလို့ ပြီးမှာမဟုတ်ဘူး။

ဒါဖြင့် ဒကာ ဒကာမတွေ ဒါမရှင်းပဲနဲ့ အတိတ်ဘဝက ပါလာတဲ့ အဝိဇ္ဇာ . . . (အဝိဇ္ဇာ) ဟုတ်လား၊ ဒီဘဝ ဒါပစ္စုပ္ပန် ဘဝလို့ ဘုန်းကြီးပြောတယ်မို့လား . . . (ပြောပါတယ်ဘုရား)။

ပြောတော့ ဒီပစ္စုပ္ပန်ဘဝမှာ ကိုယ့်ခန္ဓာကိုယ်မခင်ဘူးလား . . . (ခင်ပါတယ်ဘုရား) ခင်တာက တဏှာမနေဘူးလား . . . (နေပါတယ်ဘုရား)။

အဲဒီ အဝိဇ္ဇာ တဏှာဟာ ပဒေါင်းလုပ်လိုက်ပါ . . . (မှန်ပါ့) လည်ပုံကို ပြတာ . . . (မှန်ပါ့)။

## အတိတ်က အဝိဇ္ဇာ

အဝိဇ္ဇာနဲ့တဏှာကို ကိုမြရွှေ ဘာတုံး . . . (ပဒေါင်းပါဘုရား) သို့သော် အဝိဇ္ဇာက အတိတ်အဝိဇ္ဇာနော် . . . (မှန်ပါ့)။

တဏှာက ပစ္စုပ္ပန်တဏှာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက . . . (အတိတ်ပါဘုရား) အတိတ်ကပါလာတဲ့ အရှိန်နဲ့ပါလာတဲ့ အဝိဇ္ဇာ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပစ္စုပ္ပန်တဏှာ

တဏှာက . . . (ပစ္စုပ္ပန်ပါဘုရား) ပစ္စုပ္ပန်တဏှာ ဆိုတော့ အလိုလိုပေါ်တာလား၊ ကိုယ့်ခန္ဓာ ကိုယ်ခင်တာလား . . . (ကိုယ့်ခန္ဓာကိုယ်ခင်တာပါဘုရား)။

ကိုယ့်ခန္ဓာ ခလုတ်မထိ ဆူးမငြိပါစေနဲ့ အန္တရာယ်ကင်းလို့ ဘေးရှင်းပရစေ . . . (မှန်ပါ) မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဘာဖြစ်လို့လာတုံးဗျ . . . (ကိုယ့်ခန္ဓာခင်လို့ပါဘုရား)။ ခင်လွန်းလို့ပေါ့ဗျာ ခင်လွန်းလို့ပေါ့၊ သဘောကျပလား . . . (မှန်ပါ)

ကိုယ့် ဘဝလေး ကိုယ်တော ဒကာ ဒကာမတွေ နှမြောကြရဲ့လား . . . (နှမြောပါတယ်ဘုရား)။

နှမြောတယ်၊ နှမြောတယ် ဆေးလေးအကုန်ခံတာကြည့်ရော . . . (မှန်ပါ) ဟုတ်ဘူးလား . . . (မှန်ပါ)။

နှမြောတယ်၊ မနှမြောတယ်ဆိုတာ ဘာမေးနေစရာလိုသေးသတုံး . . . (မလိုပါဘူးဘုရား)။

ဘာအကုန်ခံကြတုံး . . . (ဆေး အကုန်ခံပါတယ်ဘုရား) အနှိပ်ကလေးကော . . . (ခံပါတယ်ဘုရား) ဘာဖြစ်လို့ခံတာတုံး . . . (နာမြောလို့ပါဘုရား)။

ကိုယ့်ဘဝလေးကို နာမြောလွန်းလို့ ဩော် အနှိပ်ခံတာသာ ကြည့်ရင် သေချာပြီ ဟ! ဘာဖြစ်နေတာတုံး အို . . . ဘဝ နာမြောလို့၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဆရာဝန် ပင့်တာကကော . . . (ဘဝနာမြောလို့ပါ ဘုရား)။ ဘဝနာမြောလို့ ကိုယ့်ဘဝလေးကို . . . (မှန်ပါ့)။

ကိုမြရွှေ အဓိပ္ပာယ်မှ ရှင်းရဲ့လား . . . (ရှင်းပါတယ် ဘုရား)။ ရှုပ်များနေသေးလားလို့ ကျုပ်က ဦးခင်မောင်ရေ ရှုပ်သေးသလား . . မရှုပ်တော့ပါဘူး၊ ဒကာ ဒကာမတွေ နေရာကျပလား။ (ကျပါတယ်ဘုရား)။

အင်း အဲဒီတော့ မသိလို့ခင်၊ မသိတာက ဒီအောက် အလုပ် . . . (မှန်ပါ့) ခင်တာက အထက်က၊ နှစ်ခုမတွဲဘူးလား တွဲလား . . . (တွဲပါတယ်ဘုရား)။

အဲတော့ ကိုယ့်ခန္ဓာကိုယ် ဒုက္ခသစ္စာလို့ ဒုက္ခစက်လည်နေ တယ်လို့ သိသလား၊ မသိဘူးလား . . . (မသိပါဘူးဘုရား)။

## အဝိဇ္ဇာတဏှာကမ္မုလဘူတအကြောင်း

ဒါဖြင့် မသိတာက၊ အဝိဇ္ဇာ . . . (မှန်ပါ့) ခင်တာက . . . (တဏှာပါဘုရား)။

ဒါကြောင့် သူတို့သည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ကို လည်ဖို့ရာ မူလဘူတအကြောင်း၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာအကြောင်းပါလိမ့် . . . (မူလဘူတအကြောင်းပါ ဘုရား)။

ဒါကြောင့် မူလ ပဋိစ္စသမုပ္ပါဒ်လို့ ပြောတာ . . . (မှန်လှပါ) မူလပဋိစ္စသမုပ္ပါဒ်လို့ ပြောတာ ဒကာ ဒကာမတို့ သဘော ကျပလား . . . (ကျပါတယ်ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကိုယ့် ခန္ဓာလေးကို ဩော် . . ဒီ မိန်းမပင်ဖြစ်ရငြား သော်လည်း ကိုယ်မိန်းမအဖြစ် သာယာတယ် . . . (မှန်ပါ့)။

ယောကျ်ားပင်ဖြစ်ရငြားသော်လည်း ယောကျ်ား အဖြစ်ကို (သာယာပါတယ်ဘုရား) သာယာတယ်ဆိုတော့ ယောကျ်ားလို့ ဆိုနေတော့ သမုဒယသစ္စာကို ဒကာ ဒကာမတွေ က သမုဒယ သစ္စာလို့လည်း မသိဘူး။

ဒုက္ခသစ္စာရယ်လို့လည်း မသိတော့ မသိတာက အဝိဇ္ဇာ ယောကျ်ားဘဝ၊ မိန်းမဘဝ၊ ကိုယ့်ဘဝ ကိုယ်ခင်နေတာ . . . (တဏှာပါဘုရား) ဒီလိုမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲ့ဒါ အဲဒီ အဝိဇ္ဇာနဲ့တဏှာကို ဒကာ ဒကာမတွေက မှတ်လိုက်ပါတော့တဲ့၊ ဘီးလုပ်တော့မယ်ဆိုလို့ရှိရင် ဘီးကြီး လုပ်တော့မယ်ဆိုတော့ သူတို့ဘာပါလိမ့် . . . (ပဒေါင်းပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပဒေါင်းတော့ ထွက်လာပြီ ဒကာ ဒကာမတို့ ကိုယ့်သန္တာန် ပဒေါင်းပြုတ်မှ ကိုက်မှာနော် . . . (မှန်ပါ့ဘုရား)။

ပဒေါင်းပြုတ်ဖို့ရာ ခင်ဗျားတို့ လွယ်ပါ့မလား . . . (မလွယ်ပါဘူးဘုရား) ဘာဖြစ်လို့တုံး . . . (ခင်လို့ပါဘုရား)။

ခင်တာသိလို့လား၊ မသိလို့လား . . . (မသိလို့ပါဘုရား)။ မသိတာက ဘယ်သူတုံး . . . (အဝိဇ္ဇာပါဘုရား) ခင်တာက . . . (တဏှာပါဘုရား)။

သွားပြီပေ့ါဗျာ ဒီပဒေါင်းပြုတ်ဖို့အတော်အရေးကြီးတယ်။ ပဒေါင်းမှ မပြုတ်ရင် ဒေါက်တွေကတော့ ဒီအတိုင်းနဲ့ ကြွေမကျဘူးဗျ . . . (မှန်ပါ့) ကြွေမကျပါဘူး။

သံပတ်ခွေကြီးကလည်း ဒီအတိုင်းလွင့်သွားပါ့မလား (မလွင့်ပါဘူးဘုရား)။

ဩော်. . ဒါဖြင့် ပဒေါင်းကစ အဖြုတ်ခက်နေတာကိုး ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သံသရာရှည်မှ ရှည်ပါ့မလားလို့ဆိုတော့ ကိုယ့်ခန္ဓာကို ဒုက္ခစက်ကြီး လည်နေတယ်လို့ မသိတာကဘာတုံး . . . (အဝိဇ္ဇာပါဘုရား)။

ဒုက္ခစက်မှန်းမသိတော့ ယောကျ်ား၊ မိန်းမ ထင်ပြီး သကာလ ငါ့ကိုယ်၊ ငါ့ဟာထင်ပြီးသကာလ သာယာ ခင်တွယ် နေတာက ဘယ်သူပါလိမ့် . . . (တဏှာပါဘုရား)။

အဲဒါ ဘီးလုပ်တော့မယ်ဆိုတော့ သူတို့က ဘာဖြစ်နေတုံး . . . (ပဒေါင်းဖြစ်နေပါတယ်ဘုရား)။ ပဒေါင်းဖြစ်နေတယ် (မှန်ပါ့) ခက်နေပြီကော။

ဒါဖြင့် ဒကာ ဒကာမတို့ ပဒေါင်းဖြစ်နေတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား) ကျေနပ်ပြီနော် . . . (ကျေနပ်ပါတယ်ဘုရား)။

ကျေနပ်ပါပြီတဲ့ သူများပြောအဖြစ်လား၊ ကိုယ့်အဖြစ်လား . . . (ကိုယ့်အဖြစ်ပါဘုရား) အင်း ကိုယ့်အဖြစ်ကိုးက . . ပဋိစ္စသမုပ္ပါဒ် နှစ်စထွက်လာတယ် . . . (မှန်ပါ့) မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား)။

အဝိဇ္ဇာတစ်စ၊ တဏှာတစ်စ . . . (မှန်လှပါ) ကိုင်း ဒကာ ဒကာမတို့ သဘောကျပလား . . . (ကျပါတယ်ဘုရား) ရှင်းနေပလား . . . (ရှင်းပါပြီဘုရား)။

အင်း ဒါဖြင့် ဒကာ ဒကာမတွေ ပဒေါင်းဖြစ်လို့ရှိရင်ဖြင့် ပဒေါင်းချည့် လည်လို့ရှိရင်လည်း ပဒေါင်းရိုးရိုးလုပ်နေလို့ရှိရင်ဖြင့် ခတ်သေးသေးလုပ်မှာပေါ့ဗျ။

ကျယ်ကျယ်ကြီးတော့မလုပ်ဘူး . . . (မှန်ပါ့) ဒေါက်တွေ တပ်ပြီး သံပတ်ခွေကြီးတပ်ပြီးသကာလ ဘီးဖြစ်မယ်ဆိုတော့ ကျယ်ကျယ်လုပ်မယ် . . . (မှန်ပါ့)။

မလုပ်ပေဘူးလား . . . (လုပ်ပါတယ်ဘုရား) ဒါဖြင့် သူချည့်လည်း လုပ်လို့မဖြစ်ဘူး။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတော့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ကျန်မနေဘူးလား . . . (ကျန်နေပါတယ်ဘုရား)။

## ကံဆိုတာသင်္ခါရ

ဒီဘက်ကျတော့ ဥပါဒါန် ကံဆိုတာမျိုးကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား) ဒီကလည်း ကံဆိုတာ သင်္ခါရ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကံကဘာတုံး . . . (သင်္ခါရပါဘုရား) ဒီဘက်ကဟာကော . . . (ကမ္မဘဝပါဘုရား) ဒါဖြင့် သင်္ခါရနဲ့ ကမ္မဘဝဟာ အတူတူပဲ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံနဲ့လုပ်လုပ်၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိ သင်္ခါရနဲ့လုပ်လုပ် သုံးချက် နဲ့စရတော့မယ် . . . (မှန်ပါ့) မစရပေဘူးလား . . . (စရပါတယ် ဘုရား)။

## ဒေါက်သုံးဒေါက်တပ်ပါ

ဒါဖြင့် ဒီ ပဒေါင်းကြီးကို ဒကာ ဒကာမတွေက အပေါက်သုံးပေါက် ဖောက်ပြီးသကာလ ဒေါက်သုံးခု တပ်ပေးပါ မတပ်နိုင်ဘူးလား . . . (တပ်နိုင်ပါတယ်ဘုရား)။

ဘာပြုလို့တပ်ရသတုံး မေးတဲ့အခါကျတော့ရှိရင် ပဒေါင်းအပေါက်ပေါ်မှာ ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနဉ္စာဘိ သင်္ခါရ တနည်း ကာယကံ၊ ဝစီကံ၊ မနောကံ အတူတူပဲနော် . . . (မှန်ပါ့)။

အဲဒီ ဒေါက်တွေ တပ်လိုက်တဲ့ အခါကျတော့ ဒကာ ဒကာမတွေ သံပတ်ခွေတပ်ရုံပဲကျန်တော့တယ်၊ ဘီးဖြစ်ဖို့တော့ သေချာပြီ . . . (မှန်ပါ့) မသေချာဘူးလား . . . (သေချာပါ တယ်ဘုရား)။

## ကာယကံ၊ ဝစီကံ၊ မနောကံ ကဒေါက်တွေ

ဒေါက်ရပလား . . . (ရပါပြီဘုရား) အတိတ်ဘဝက ပါလာတဲ့ ကံတွေကလည်း ဒေါက်ပဲ . . . (မှန်ပါ့) ယခုဘဝမှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေကကော ဒကာ ဒကာမတွေ နည်းသလား . . . (မနည်းပါဘူးဘုရား)။

ကာယကံနဲ့ သွားလိုက်ဆိုလည်း သွားလိုက်၊ ဟုတ်လား . . . (မှန်ပါ့)၊ ဝစီကံနဲ့ ပြောလိုက်ဆိုလည်း မှားလိုက်ပေါ့ဗျာ . . . (မှန်ပါ့)။

မနောကံနဲ့ကြံလိုက်၊ စည်လိုက် မှားလိုက်တွေကော . . . (ရှိပါတယ်ဘုရား)။

အဲဒါတွေကဘာဖြစ်လာတုံး . . . ပဒေါင်းကြီးမှာ (ဒေါက်ဖြစ်ပါတယ်ဘုရား) ဒေါက် ဘယ်နှစ်ဒေါက်ဖြစ်လာတုံး (သုံးဒေါက်ဖြစ်လာပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ဒေါက်ပါလိမ့် . . . (သုံးဒေါက်ပါဘုရား) အင်း သုံးဒေါက် ဒါဖြင့် ခုနက ဒကာ ဒကာမတို့ ပဒေါင်းပေါ် စိုက်ရုံပဲ ကျန်တော့တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

လည်ပုံကိုမပျက်အောင်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတာနော် . . . (မှန်ပါ့)၊ သံယုတ်ပါဠိတော်မှာပါတယ် ဒီလိုဟောတာနော် . . . (မှန်ပါ့)။

အဲတော့ ဒကာ ဒကာမတွေ ဇရာ၊ မရဏဆိုတာက ဘာပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရာ)။

## ဒီကံတွေဘယ်မှာလမ်းဆုံးသတုံး

ဇရာ၊ မရဏဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဒီကံတွေဟာ ဘယ်မှာလမ်းဆုံးမှာတုံး၊ ဒီကံအသီးသီး ဘယ်မှာလမ်းဆုံးမှာတုံး မေး . . . အိုသေမှာလမ်းဆုံးမယ် . . . (မှန်ပါ့)။

ဒီကံတွေ ဇရာ၊ မရဏတွေ သင်္ခါရ ဒေါက်တွေ့ သင်္ခါရ ဆိုတာ ကံတွေမို့လား . . . (မှန်ပါ့) ဒီကံတွေ ဘယ်မှာလမ်း ဆုံး မှာ တုံး . . . (အိုသေမှာ လမ်း ဆုံး မှာပါဘုရား)။

အဲ . . အို သေမှာလမ်းဆုံးမယ်၊ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒီကံတွေဟာ ဘယ်မှသွားစရာမရှိဘူး . . . (မှန်ပါ့) အိုတဲ့၊ သေတဲ့ ဆီမှာပဲလမ်းဆုံးရမယ် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ကံတွေက၊ ဘယ်လိုအကျိုးပေးမှာတုံး

ခင်ဗျားတို့ လုပ်ချင်တာလုပ်၊ လုပ်ချင်တဲ့ကံတွေလုပ် တပည့်တော်တို့လုပ်တဲ့ကံ ဘယ်လိုများ အကျိုးပေးမှာတုံး မေးလို့ရှိရင် အကျိုးပေးကဖြင့် ဘာအကျိုးပေး၊ ဘာအကျိုးပေး မပြောတတ်ဘူး အိုမှာနဲ့ သေမှာတော့ သေချာတယ် . . . (မှန်ပါ့)။

ဒါပဲ ဟောဖို့ရှိတယ် . . . (မှန်ပါ့) ဒီပြင် ဘာဟောစရာ ရှိတုံး . . . (မရှိပါဘူးဘုရား)။

သူတို့မေးတာ ကြားထဲကဟာ မေးတာ . . . (မှန်ပါ့) အမှန်ဖြေရမှာက အိုမှာနဲ့ သေမှာပဲလို့ ဖြေရမှာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

တပည့်တော်တို့ ကျောင်းဆောက်ပါတယ်၊ ဘုရားတည် ပါတယ်ဘုရား၊ လူဘဝ၊ နတ်ဘဝ နိဗ္ဗာန်မရောက်မှီ စပ်ကြားလေး မှာ ချမ်းချမ်းသာသာ၊ ကျန်းကျန်းမာမာနေရမတဲ့။

## ကံအကျိုးပေးက ဘယ်မှာလမ်းဆုံးတုံး

အို . . . အဲ့ဒါတွေ အသာထား မစဉ်းစားနဲ့ အဆုံးသာမေး တပည့်တော်တို့ အကျိုးပေး ဘယ်ဆုံးမှာတုံးသာမေး . . . (မှန်ပ့ါ)။

မေးရင် ဘယ့်နှယ်ဖြေပ့ါမတုံး. . . (အိုနာသေ လမ်းဆုံးမှာပါဘုရား)။ ကံအကျိုးပေးက ဒီတင်လမ်းဆုံးလာတာပဲ. . (မှန်ပ့ါ)။

ကံအကျိုးပေးက ဒီတင်လမ်းဆုံးလာတာပဲ . . . (မှန်ပ့ါ) ကံ အကျိုးပေးက ဘယ်မှာ လမ်းဆုံးတုံး . . . (အိုနာသေမှာ လမ်းဆုံးပါတယ် ဘုရား)။

ကံကို ဖြတ်လိုက်ရလို့ရှိရင်ဖြင့် မအိုမသေတဲ့ဆီမှာ လမ်းဆုံးမယ် . . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကံကို ဖြတ်လိုက်ရင် . . . (မအိုမသေမှာလမ်းဆုံးမှာပါဘုရား) ကံကို မဖြတ်နိုင်ရင် . . . (အိုသေမှာ လမ်း ဆုံးမှာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် အဓိပ္ပါယ်က ခက်တယ်လို့ပြောတာ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ကံဖြတ်ကမအိုမသေမှာလမ်းဆုံးတယ်

ကံကို ဖြတ်လိုက်တော့ . . . (မအိုမသေမှာပါဘုရား) မအိုမသေတဲ့ဆီမှာ ကံဖြတ်လိုက်တော့ မဂ္ဂင်ကိုး . . . (မှန်ပ့ါ)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အကဏ္ဍ အသုက္ကကံဆိုတော့ ဦးဘတင်တို့ ဦးခင်မောင်တို့ ဘုန်းကြီးသင်ထားပြီးပြီ၊ မသင်ဘူးလား . . . (သင်ပါတယ်ဘုရား)။

ဟော ဒါက ကံပြတ်မှုလား . . . (မှန်ပါ့) ကံပြတ်က မအို မသေတဲ့ဆီမှာ ဘာတုံး . . . (လမ်းဆုံးပါတယ်ဘုရား)။

ကံကတော့ . . . (အိုသေမှာ လမ်းဆုံးပါတယ်ဘုရား) ဒါကြောင့် အိုသေကို ဒကာ ဒကာမတွေက ဒီလိုလုပ်လိုက်၊ အိုသေကို အိုသေဟာ လမ်းဆုံးဆိုသဖြင့် ဒီဒေါက်တွေ၏ အဆုံးမှာ ဘာရှိတုံး (သံပတ်ခွေရှိပါတယ်ဘုရား)။

## သံပတ်ခွေကြီး

အဲ သူက သံပတ်ခွေကြီးပဲ မှတ်ပေတော့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

သူက ဘာတုံး . . . (သံပတ်ခွေပါဘုရား) ဒါဖြင့် ဒေါက်သုံးဒေါက်နဲ့ သံပတ်ခွေကြီးနဲ့ ပဒေါင်းနဲ့တော့ အတော်နေရာကျနေတာ . . . (မှန်ပါ့)။

ဘီးတော့ဖြစ်နေပြီ မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ဘာဖြစ်သွားတုံး . . . (ဘီးဖြစ်သွားပါပြီဘုရား) ဘီးဖြစ်သွားပြီ လှည့်ပေးမယ့်လူပဲလိုတော့တယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘာလို့တော့တုံး . . . (လှည့်ပေးမဲ့လူပါဘုရား) လာပါလိမ့်မယ် နောက်မပူပါနဲ့ လာလိမ့်မယ် လှည့်ပေးမယ့်သူ ပါလိမ့်ဦးမယ် . . . (မှန်ပါ့)။

ကိုင်း ဒကာ ဒကာမတို့ အဝိဇ္ဇာနဲ့ တဏှာက ဘာတဲ့ (ပဒေါင်းပါဘုရား) ကံ သင်္ခါရတွေက . . . (ဒေါက်တွေပါဘုရား) ဒေါက်က ဘယ်နှစ်ဒေါက်ပါလိမ့် . . . (သုံးဒေါက်ပါဘုရား)။

အဲ ဒါ သဘောတူ လှည့်ပေးမလို့နော် နည်းတော့မနည်းဘူး . . . (မှန်ပါ့) တစ်နေ့ ဒေါက်ပေါင်း ဘယ်လောက်လုပ်သတုံး မပြောတတ်ဘူး . . . (မှန်ပါ့) သဘောတူရာ ပေါင်းလိုက်လို့ ဒေါက်သုံးဒေါက်ဖြစ်သွားတာ . . . ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

တစ်နေ့ ဒေါက်ပေါင်းကတော့ ကာယကံပေါင်း ဒကာ ဒကာမတွေ ဘယ်လောက်တုံး မေးကြည့်စမ်း . . . (မနည်းပါဘုရား)။

ဝစီကံပေါင်းကော . . . (မနည်းပါဘုရား) မနောကံပေါင်းကော . . . (မနည်းပါဘုရား) အံမယ် ဒေါက် ကုမ္ပဏီတွေထဲက ကျနေတာပဲ မကျဘူးလား . . . (ကျပါတယ်ဘုရား)။

ကဲ ဒါဖြင့် ဒေါက်တွေလည်း ခုနက ပဒေါင်းပေါ် တပ်လိုက်၊ ဒီကံတွေ အကျိုးပေး ဘယ်ဆုံးမှာတုံး တစ်ခါဝေဖန်ပါ . . . (အိုသေဘက်ပါဘုရား)။

အဲ ကံကုန်ရှာတယ်လို့တော့ ခင်ဗျားတို့ပြောတာပဲ သေတဲ့အခါကျတော့ သေတဲ့အခါကျလို့ရှိရင် ကံကုန်လို့ချည့် ပြောတာပဲ . . . (မှန်ပါ့)။

သေတော့မယ်ဆိုတော့ကော . . . (ကံကုန်လို့ပါ ဘုရား) နှုတ်ကတော့ သူကံပေါ်ချည့် လမ်းဆုံးတာပဲလို့ . . . (မှန်ပါ့) ရိပ်မိ ပလား . . . (မှန်ပါ့)။

ဘုန်းကြီး ပြောမှမဟုတ်ပါဘူး၊ ခင်ဗျားတို့ ပါးစပ်ထဲကို နှုတ်ကို တက်နေတာ . . . (မှန်ပါ့) အဲ ဘုန်းကြီးတစ်ယောက် ကံကုန်ရှာသတဲ့။

## ကံကုန်တယ်ဆိုတာ၊ ဇရာမရဏ ပြောတာ

ကလေးလေးတစ်ယောက်ကော . . . (ကံကုန်ရှာပါ တယ်ဘုရား)။ ကံကုန်ရှာပြီဆိုတော့ ဇရာ၊ မရဏကိုသူပြောတာ . . . (မှန်ပါ့) ဟုတ်ဖူးလား . . . (မှန်ပါ့)။

ကံကုန်ရှာပြီဆိုတာ ဘာပြောတာတုံး . . . (ဇရာ၊ မရဏ ကို သူပြောတာပါဘုရား) ဇရာ၊ မရဏ ဒကာ ဒကာမတွေရိပ်မိ ပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် ကံသည် ဘယ်မှာ လမ်းဆုံးသတုံး . . . (ဇရာ၊ မရဏမှာ လမ်းဆုံးပါတယ်ဘုရား) အဲ ဇရာ၊ မရဏမှာ လမ်းဆုံး တယ် မြန်မာလိုပြန် အိုသေမှာလမ်းဆုံးတယ် . . . (မှန်ပါ့) ရိပ်မိ ကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ကံတွေဟာ ခု ဒီဘဝ နောက်က ပါလာတဲ့ ကံတွေ တပည့်တော်တို့ ဘယ်တော့မှား ဘာဖြစ်မှာတုံး ဘုရားလို့ မေးကြရင် ဘယ့်နှယ် ဖြေကြမတုံး . . . (အိုသေမှာပဲ လမ်းဆုံးမှာပါဘုရား)။

နောက် အိုလိမ့်ဦးမယ်၊ သေလိမ့်ဦးမယ်လို့သာဟော (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

တပည့်တော်တို့ ကံက ဘယ့်နှယ့်များ နေသတုံးမေးရင် (အို သေမှာလမ်းဆုံးပါတယ်ဘုရား) မဟုတ်သေးဘူး ဒီလိုဆိုရင် စားစရာရှိပ့ါမလား (မရှိပါဘူးဘုရား) ဝေတ်မှာပဲ။

မှန်တော့ မှန်ပါတယ် . . . (မှန်ပ့ါ) မှန်ပင် မှန်ငြားသော် လည်း ဒီလိုဆို ငတ်မယ်၊ မငတ်ပေဘူးလား . . . (ငတ်ပါတယ် ဘုရား)။

ကိုယ်က ဒီရည်ရွယ်ချက်နဲ့မှ မေးတာမဟုတ်ပဲ . . . (မှန်ပ့ါ) ဟုတ်ဘူးလား . . . (မှန်ပ့ါ)။

ကံများ၊ ဘယ့်နှယ်များနေတုံး ဟ ကောင်းလိမ့်မယ်ဟောမှ (မှန်လှပါ) အိုသေတို့၊ ဘာတို့ သွားမဟောနဲ့ မှန်ပင်မှန်ငြားသော် လည်း ယုံမှာမဟုတ်ဘူး။

ယုံပ့ါမလား . . . (မယုံပါဘူးဘုရား) အမှန်ကတော့ ဘယ်လမ်းခင်းနေတုံး . . . (အို နာသေမှာ လမ်းခင်းနေပါတယ် ဘုရား)။

## အိုတယ်ဆိုတာကံကုန်လို့

ကံကုန်တာ ဘယ်အချိန်မှာကုန်တုံး . . . (အိုသေမှာကုန် ပါတယ်ဘုရား) အိုတယ်ဆိုတာက ကံကုန်လို့သာ ပြောတာ . . . (မှန်ပါ့)။

အိုတယ်ဆိုတာက . . . (ကံကုန်လို့ပါဘုရား) ကုန်တာကိုပြောတာ ရှင်းပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

ကိုင်း ခင်ဗျားတို့ ကံသည် ဘယ်တော့ဘာဖြစ်မှာတုံး မေးကြရင် ဘယ့်နှယ်ဖြေကြမှတုံး . . . (အိုသေမှာလမ်းဆုံးမှာပါဘုရား)။

အိုသေ လာလိမ့်မယ်ဘုရား၊ အိုပါလိမ့်မယ်၊ သေပါလိမ့်မယ်၊ ဒါ ကံ၏ သဟ္တိအစွမ်းကုန်ပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အိုသေဘာနှင့်တူသတုံး

ဒါနဲ့ အိုသေကို ဘုရားက ဘာနဲ့တူတယ်လို့ ဟောသတုံး (သံပတ်ခွေကြီးနဲ့တူပါတယ်ဘုရား) သံပတ်ခွေကြီးနဲ့တူတယ်။

ဒါဖြင့် ဒကာ ဒကာမတွေ ဘီးဖြစ်ပလားလို့ . . . (ဖြစ်ပါတယ်ဘုရား) စက်ဝိုင်ကြီးဖြစ်ပလား . . . (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ပြီးတဲ့ စက်ဝိုင်းကြီးဟာ ဒီအတိုင်း ထားလို့ရှိရင်လည်း မြေပေါ်မှာ ပြားကပ်နေတော့ လိမ့်ဟန်မတူဘူး (မှန်လှပါဘုရား)။

လိမ့်ပ့ါမလား . . . (မလိမ့်ပါဘူးဘုရား) မလိမ့်ဘူး၊ လိမ့်အောင် ဘယ့်နှယ်လုပ်မတုံးဆိုတော့ ဝင်ရိုးတပ်ပေးရလိမ့်မယ် (မှန်ပ့ါ) မတပ်ရပေဘူးလား ကဲ . . . (တပ်ရပါတယ်ဘုရား)။

## အာသဝဝင်ရိုး

ဝင်ရိုးကလည်း သူများလာတပ်တာမဟုတ်ပါဘူး . . . ဒကာမတို့ ကာမာသဝတဲ့ ခင်ဗျားတို့ ကာမာသဝဆိုတာ တ မဟုတ်ပါဘူး ။

ဒီဘဝ စုတေမနေ သေလွန်ရလို့ ရှိရင်ဖြင့် နတ်ပြည်များရောက်သို့ရှိရင် တော်သေးရဲ့ . . . (မှန်ပ့ါ) အပါယ်ထက်တော့ တော်သေးရဲ့၊ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲ့ဒါ ဘာအာသဝ ဆိုကြမတုံး . . . (ကာမာသဝပါဘုရား) သူက သွားမှာ သွားချင်တာ ပြောတာ . . . (မှန်ပ့ါ)။

လှည့်ပေးတာပြောတာ . . . (မှန်ပ့ါ) ဒါဖြင့် ကာမာသဝက ဒီထဲမှာ ပဒေါင်းနဲ့ အတူတူပေါ့ ရိုပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

## ကာမာသဝ

ကာမာသဝက ဘာလုပ်ရမှာတုံး . . . (ပဒေါင်းလှည့်ပေးတာပါဘုရား) ပဒေါင်းလှည့်ပေးတော့ ခင်ဗျားတို့ကလည်း ဘယ်သွားချင်သတုံးတဲ့ . . . (မှန်ပ့ါ)။

နတ်ပြည်သွားချင်တော့ သူကနေလှည့်လိုက်တာပဲ . . . (မှန်ပါ့) ပဒေါင်းကနေ လှည့်ပြီး ဒေါက်တစ်ခုကို နတ်ပြည် လှည့်ပေး လိုက်တာပဲ၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။ ဘယ်သူက လှည့်ပေးလိုက်တာတုံး (ကာမာသဝကပါဘုရား) ကာမာသဝက လှည့်ပေးလိုက်တယ်။

## ဘဝါသဝ

တစ်ခါ ဗြဟ္မာ့ပြည် သွားချင်တယ်ဆိုတော့ . . . ဘဝါသဝ က လှည့်ပေးလိုက်တယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါ တယ်ဘုရား)။

နတ်ပြည်သွားချင်တော့ကော ကာမာသဝက လှည့်ပေး တယ် ဗြဟ္မာပြည်သွားချင်တော့ကော . . . (ဘဝါသဝက လှည့်ပေးပါတယ်ဘုရား)။

ဘဝါသဝက လှည့်ပေးတယ်ဆိုတော့ သဘောကျကြ ပလား . . . (ကျပါတယ်ဘုရား)။ တစ်ခါတလေကျလာတဲ့ အခါတော့အပါယ်၊ အပါယ်ငရဲရောက်သွားတယ်၊ အောက် ရောက်သွားတယ် . . . (မှန်ပါ့)။

## အဝိဇ္ဇာသဝ

ဒီကျတော့ အဝိဇ္ဇာသဝက လှည့်ပေးတယ် . . . (မှန်လှပါ)။ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

သူ့ဟာနဲ့သူ လှည့်ပေးတာ မစိုးရိမ်နဲ့ ဒကာ ဒကာမတွေ အကုန်ရှိတယ်၊ ရှင်းပလား . . . (မှန်ပါ့)။

ဘာရှိတုံး . . . (အကုန်ရှိပါတယ်ဘုရား) နတ်ပြည်လှည့်ပေးမဲ့ ကာမာသဝ ဝင်ရိုးကော . . . (ရှိပါတယ်ဘုရား)။

## ဒိဋ္ဌာသဝ

ဗြဟ္မာပြည်လှည့်ပေးမယ့် . . . (ဘဝါသဝ ဝင်ရိုး ရှိပါတယ်ဘုရား) အဲ. အပါယ်လှည့်ပေးမယ့် . . . (အဝိဇ္ဇာ သဝဝင်ရိုး) အဝိဇ္ဇာသဝ၊ ဒိဋ္ဌာသဝထားလိုက်ပါတော့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာသဝနဲ့ ဒိဋ္ဌာသဝက ဘယ်လှည့်ပေးတုံး . . . (အပါယ်ကိုပါဘုရား)။

အံမယ် သူဒါဖြင့် ဒေါက်သုံးချောင်းနဲ့ လှည့်ပေးမယ့်ဝင်ရိုး သုံးချောင်းနဲ့ကို ကိုက်နေတာပဲ၊ ကိုက်ပလား . . . (ကိုက်ပါပြီ ဘုရား)။

## လှည့်ပေးမည့်ဝင်ရိုးသုံးချောင်း

လှည့်ပေးမည့်ဝင်ရိုးသုံးချောင်းနဲ့ ဒကာ ဒကာမတွေ ခင်ဗျားတို့ရောက်ရာဌာနဘက်ကို အတော်ကိုက်မသွားဘူးလား . . . (ကိုက်သွားပါတယ်ဘုရား)။

ကာမာသဝဆိုတာ လူ့ပြည်ပြန်လှည့်ချင်ပါတယ်ဆိုရင် လူပြည်လှည့်ပေးမယ် ကာမာသဝက လှည့်ပေးမယ်။

ဟာ နတ်ပြည်ပဲ ကြိုက်တယ်လို့ သမထတွေ အားထုတ်တဲ့ ကံတွေလုပ်လိုက် . . . (ဘဝါသဝက လှည့်ပေးပါတယ်ဘုရား)။

ဗြဟ္မာပြည်သိပ်ကြိုက်တယ်လို့ သမထတွေ အားထုတ်တဲ့ ကံတွေလုပ်လိုက် . . . (ဘဝါသဝက လှည့်ပေးပါတယ်ဘုရား)။

ဘဝါသဝက လှည့်ပေးလိုက်တော့ ဗြဟ္မာပြည်သွားပြီးတော့ တစ်ခါတည်း နေပြန်တာပဲ . . . (မှန်ပါ့) နေပင်နေငြားသော်လည်း ဒေါက်သာ အလယ်က ပြောင်းတယ်တဲ့ ဇရာ၊ မရဏ အကွပ်ကြီးကတော့ ကွပ်ရက်ပဲ . . . (ကွပ်ရက်ပါဘုရား)။

ဟိုရောက်ရင် အိုသေပဲကွတဲ့ . . . (မှန်ပါ့) နတ်ပြည်ရောက်လည်း . . . (အိုသေပါဘုရား) ဗြဟ္မာပြည်ရောက်ရင်ကော . . . (အိုသေပါဘုရား)။

အပါယ်လေးပါးရောက်ရင်ကော . . . (အိုသေပါဘုရား) ဒီအကွပ်မှ မပြုတ်ပဲကိုးဗျ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါ တယ်ဘုရား)။

## အကွပ်မပြုတ်သ၍ အိုသေရှိမယ်

အကွပ်ကြီးက ပြုတ်သလား . . . (မပြုတ်ပါဘူးဘုရား) ဒါဖြင့် ဒီအကွပ်မပြုတ်သ၍ကာလပတ်လုံးတော့ ခင်ဗျားတို့ဘယ် ရောက်ရောက် အိုသေပဲ . . . (မှန်ပါ့)။

ဒါကြောင့် သူ ဇရာ၊ မရဏက သံပတ်ခွေကြီးနဲ့တူတယ် လို့ ဟောလိုက်တယ် . . . (မှန်ပါ့) ဟောသင့်သလား . . . (ဟောသင့်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်ဘုံဘဝရောက်ရောက် ကောင်းပါ့မလား . . . (ကောင်းရာဘုံဘဝ ရောက်ချင်ပါတယ် ဘုရား)။

ရိုးရိုးပြောပါ၊ ခင်ဗျားတို့က ခတ်ဆန်းဆန်းမပြောပါနဲ့ ဘယ်များရောက်ချင်ကြသေးတုံး . . . (နိဗ္ဗာန်ပဲရောက်ချင် ပါတယ်ဘုရား)။

## နိဗ္ဗာန်ရောက်ချင်ရင် ဒီတစ်ခုလုံးပြုတ်

နိဗ္ဗာန်ပဲရောက်ချင်တယ် . . . (မှန်ပါ့) နိဗ္ဗာန်ပဲရောက်ချင် လို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒီတစ်ခုလုံး ပြုတ်မှရမယ် . . . (မှန်ပါ့)။

ဝင်ရိုးလည်းကျိုးရမယ် . . . (မှန်ပါ့)၊ ပဒေါင်းလည်းကွဲရ မယ် . . . (မှန်ပါ့) ဒေါက်လည်း ကြွေကျရမယ် . . . (မှန်ပါ့)။

ဒါမှ ရမှာ . . . (မှန်ပါ့) နို့မဟုတ်ရင်ရပ့်ါမလား . . . (မရပါဘူးဘုရား) ဒါဖြင့် ဖျက်စရာတွေမနည်းပါလား . . . (မှန်ပါ့)။

ဒီလိုလည်း နောက်မဆုတ်သွားနဲ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီလိုလည်း နောက်ဆုတ်မသွားနဲ့ တစ်ခုဖျက်ရအကုန်ပျက်မှာပဲ. . . (မှန်ပါ့) ရှင်းပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

## နောက်တုန်းက၊ ဘယ်လိုနေခဲ့ရသတုံး

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတို့ အခုတော့ဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံးလို့မေးတဲ့ အခါဒီဘီးကြီးလိုပါပဲ။

ဒီ ဘီးကြီးကို၊ အာသဝဝင်ရိုးသုံးခုက လှည့်ချင်သလို လှည့်နေတာပဲ၊ လှည့်လိုက်တော့ အောက်ရောက်တာလည်း မရေတွက် နိုင်တော့ဘူး။

အထက်ရောက်ကော . . . (မရေတွက်နိုင်တော့ပါဘူး ဘုရား)။

သို့သော်လည်းတဲ့ အထက်ရောက်တော့ကိုတဲ့ ဒကာ ဒကာမတို့ အိုသေပဲလမ်းမဆုံးပေဘူးလား . . . (ဆုံးပါတယ် ဘုရား)။

ကျုပ်တို့က အထက်ရောက်သွားငြားသော်လည်း ဘယ်လမ်းဆုံးတုံး . . . (အို သေပဲလမ်းဆုံးပါတယ်ဘုရား)။

ဩော် သံပတ်ခွေထဲမှာပဲ လမ်းဆုံးရတာကိုး . . . (မှန်ပ့ါ) ဟုတ်ပလား . . . (မှန်ပ့ါ) ဘယ်ထဲလမ်းဆုံးရတုံး . . . (သံပတ်ခွေထဲ လမ်းဆုံးရပါတယ်ဘုရား)။ သံပတ်ခွေထဲ လမ်းဆုံးတော့ သံပတ်ခွေက ဘာတဲ့တုံး (အိုသေပါဘုရား)။

## အဝိဇ္ဇာသဝနဲ့ ဒိဋ္ဌာသဝကလှည့်ရင်

ဒါဖြင့် အထက်ရောက်လည်း အိုသေ . . . (မှန်ပ့ါ)။ အာသဝဝင်ရိုးကနေပြီး သကာလ အဝိဇ္ဇာသဝနဲ့ ဒိဋ္ဌာသဝက လှည့်လိုက်တာ အောက်ရောက်သွားတယ် . . . (မှန်ပ့ါ)။

အပါယ်လေးပါးရောက်သွားတယ် . . . (မှန်ပ့ါ) မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒီရောက်တော့လည်း သံပတ်ခွေကြီးက ပျက်စီးပလား . . . (မပျက်စီးပါဘူးဘုရား)။

သူအောက်မှာဘယ်လိုများ ဖြစ်နေပါလိမ့် . . . (အိုသေမှာ လမ်းဆုံးပါတယ်ဘုရား) အိုသေလမ်းဆုံးတယ် မသေခင်တော့ ခံပေ့ါဗျာ . . . (မှန်ပ့ါ) သေခါနီး နောက်ဆုံးနေ့ကျတော့ အိုသေလမ်းဆုံးပဲ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ကာမာသဝကလှည့်ရင်

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ နတ်ပြည်ဘက်လှည့်ပြီး နတ်ပြည်ဆုတောင်းတဲ့ ကံကြောင့် အာသဝကနေ ကာမာသဝက နေ လှည့်လိုက်စမ်းကွာ၊ နတ်ပြည်ရောက်သွားတယ် . . . (မှန်လှပါဘုရား)။

သို့သော် သံပတ်ခွေပြုတ်ပါရဲ့လား . . . (မပြုတ်ပါဘူး ဘုရား) ဘီး ဒေါက်ပြောင်းသွားတာ ဒေါက် ဟိုဘက်ဒီဘက် လှည့်သွားတာပဲထူးတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အိုသေတော့ ပြုတ်ပါရဲ့လား . . . (မပြုတ်ပါဘူးဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ သုံးဆယ်တစ်ဘုံထဲမှာဖြင့် လှည့်ချင်တဲ့ ဘက် လှည့်ပါတဲ့ ခင်ဗျားတို့အိုသေလွတ်အောင် မပြေးနိုင်ဘူး . . . (မှန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## လှည့်ချင်တိုင်းလှည့်၊ အိုသေမလွတ်ဘူး

သုံးဆယ်တစ်ဘုံ လှည့်ချင်တိုင်းလှည့် ဒကာ ဒကာမတို့ အိုသေလွတ်အောင် ဘယ့်နှယ်လုပ်ကြမတုံး . . . (မပြေးနိုင်ပါဘူး ဘုရား)။

မပြေးနိုင်တော့ဘူး၊ ဒါဖြင့် တပည့်တော်တို့ နောက်တုန်း က ဘယ်လိုနေခဲ့ရတယ်ဆိုတာ ဒီ ဘီးသာလှည့်ကြည့် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီ ဝင်ရိုးသုံးချောင်းက လှည့်ပေးရာကို တပည့်တော်တို့ ရောက်နေရပါတယ် . . . (မှန်ပါ့)။

ရောက်တော့ အကောင်းရောက်လား၊ အဆိုးရောက်လား အို မူးနေတာသာဖြေတော့ . . . (မှန်ပါ့) လှည့်နေတာကိုးဗျ . . . (မှန်ပါ့)။

အကောင်းရောက်လား၊ အဆိုးရောက်လားဆိုတာ ငြင်းနေဖို့များလိုသေးသလား . . . (မလိုပါဘူးဘုရား) ဘာဖြစ်နေတုံး . . . (မူးနေပါတယ်ဘုရား)။

မူးတဲ့အပြင်မှာ အရူးပါသေးတယ် . . . (မှန်ပါ့) အမူးတွေ၊ အရူးတွေချည့်ပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လိုနေပါလိမ့် . . . (အမူးတွေ၊ အရူးတွေချည့်ပါဘုရား)။

ဒါဖြင့် သုံးဆယ့်တစ်ဘုံမှာ ကျုပ်တို့မူးနေအောင် လည်ရတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မူးပြီးသကာလ သေပွဲဝင်ခဲ့ရတယ်ဆိုတာကော ရှင်းကြပလား . . . (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီသုံးနည်းအတိုင်းနေခဲ့ရတယ်ဆိုတာ တပည့်တော်တို့ နောက်တုန်းက လူဖြစ်ခဲ့သလား၊ နတ်ဖြစ်ခဲ့သလား၊ ဗြဟ္မာဖြစ်ခဲ့သလား အဲဒါတော့ မသေချာဘူး ရှင်းပလား . . . (မှန်ပါ့)။

## ဝမ်းသာစရာပါကို မပါဘူး

ရှေးက နေရပြီးသကာလ အိုသေမလွတ်ခဲ့တာတော့ သေချာတယ် . . . (မှန်ပ့ါ) မူးနေအောင်လည်း နေခဲ့ရတယ် . . . (မှန်ပ့ါ) အိုသေမလွတ်တာလည်း . . . (သေချာပါတယ်ဘုရား)။

တပည့်တော်တို့ အတိတ်အကြောင်းရင်းတော့ဘုရား ဝမ်း သာအောင် ပြောစမ်းပါဦးဆိုတော့ ဝမ်းသာစရာပါကိုး မပါဘူး၊ ပြောလို့ကိုမရဘူး . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

## ဝမ်းသာတဲ့တရားနာမိရင်ငါးပါးမှောက်မယ်

ကဲ ဝမ်းသာတဲ့ တရားသွားနာမိရင် ခင်ဗျားတို့ ငါးပါး မှောက်မယ် . . . (မှန်ပ့ါ) မမှောက်ပေဘူးလား . . . (မှောက်ပါတယ် ဘုရား)။

ဖြစ်စဉ်က ဒီကနေပြီး ဘယ်သူရွှေ့နိုင်သေးတုံး . . . (မရွှေ့နိုင်ပါဘူးဘုရား)။

သို့သော် ခင်ဗျားတို့ ဝမ်းသာချင်တဲ့တရားထဲကော . . အို . . ပန်းတစ်ပွင့်နဲ့ကို လှူပြည်၊ နတ်ပြည် အကြိမ်ကြိမ် ခံစားရပါလို၏ ဆိုတာ ဒီ ဒေါက်ကြီးလည်တာကို ပြောနေတာကိုး . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အကြိမ်ကြိမ်လည်၍လို့ပြောတာ . . . (မှန်ပ့ါ) သဘော ပါရဲ့လား (ပါပါတယ်ဘုရား) ဘယ်လိုများ မှတ်ကြမယ် . . . (အကြိမ်ကြိမ်လည်၍ပါ ဘုရား)။

အကြိမ်ကြိမ်ပဲ လည်ရုံပဲလည်ရတာလား . . သေပွဲ ကကော (ဝင်ရပါတယ်ဘုရား) သေပွဲကကော ခဏခဏ ဝင်ရတယ် ဆိုတော့ ခင်ဗျားတို့ မနာတတ်လို့ရှိရင်တော့ ဒီဥစ္စာကို ပဋိစ္စသမုပ္ပါဒ်ဖြစ်ရပါလို၏ . . . (မှန်ပ့ါ)။

ဘီးကြီးဖြစ်ရပါလို၏၊ သံပတ်မပြုတ်ရပါလို၏ . . . (မှန်ပ့ါ) အာသဝ ဝင်ရိုးလှည့်ချင်သလို လှည့်တာကို တပည့်တော် တို့ မူးနေအောင် သေပွဲဝင်ရပါလို၏ . . . (မှန်ပ့ါ)။

ဒီဆုတောင်းတာပဲ . . . (မှန်ပ့ါ) အစစ်ကိုပြောတာ . . . (မှန်ပ့ါ) သဘောကျပလား . . . (မှန်ပ့ါ)။

အတုကို ပြောလို့ရှိရင်တော့ဖြင့် ခင်ဗျားတို့ ခုနက ပြောသလိုပဲ တစ်ခါတည်း၊ စားကြွင်းကလေးကျွေးတာနဲ့ တောင်ပဲ မဆုံးတော့ဘူး ဆုံးပ့ါမလား . . . (မဆုံးပါဘူးဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာကတော့ အလွယ်လေးကိုဗျ . . . (မှန်ပ့ါ) ဒီတော့ လှည့်နေမှာပဲ . . . (မှန်ပ့ါ) မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား)။

လှည့်မှာပဲ လည်တာ လှည့်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မဆုံးတာကို သဘောကျနေရင်တော့ ခက်လိမ့်မယ် . . . (မှန်ပ့ါ)။

## ဘာမဆုံးတာတုံး

ဘာမဆုံးတာတုံး မေးရင်ကော သဘောကျကြလား . . (လှည့်လို့မဆုံးတာပါဘုရား) ဒီလိုမဆိုနဲ့ အိုသေမဆုံးတာလို့ဆိုရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာမဆုံးတာတုံး . . . (အိုသေမဆုံးတာပါဘုရား) အိုသေမဆုံးတာများ ခင်ဗျားတို့မို့ ကြံဖန်ကြိုက်ရင်ဖြင့် မပြောတတ်ဘူး . . . (မှန်လှပါ) ကြိုက်စရာပါသေးသလား . . . (မပါပါဘူးဘုရား)။

ဒီပေါ်မှာ ခုဒီနေရာမှာ ခင်ဗျားတို့ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ကြည့်လေ အောက်လှည့်လဲ ဇရာမရဏဆိုတော့ ဒုက္ခသစ္စာမှာပဲ လမ်းဆုံးတယ်၊ အထက်လှည့်ပြန်တော့ . . . (ဇရာ၊ မရဏပါဘုရား) ဒုက္ခပဲ။

## ဒါကမူလပဋိစ္စသမုပ္ပါဒ်

ဘေးလှည့်ပြန်တော့ကော . . . (ဇရာ၊ မရဏပါဘုရား) ကဲ လှည့်ချင်တဲ့ဘက်လှည့်ကြ . . . (ဇရာမရဏလမ်းဆုံးပါတယ်ဘုရား) ဒုက္ခစက်လည်နေတယ် . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါက သံသရာနဲ့ လည်ပြတဲ့ မူလ ပဋိစ္စသမုပ္ပါဒ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခုနက ကတညာဏ်အမြင် ပဋိစ္စသမုပ္ပါဒ် မဟောသေးဘူး၊ မလုပ်သေးဘူး . . . (မှန်ပါ့) ဒါကသံဝေဂကိုပြတဲ့ ပဋိစ္စသမုပ္ပါဒ် ဟုတ်လား . . . (မှန်ပါ့)။'

မဂ်ရမယ့် ပဋိစ္စသမုပ္ပါဒ် မဟုတ်သေးဘူး . . . (မှန်လှပါ) မဂ်၏ ရှေ့ပြေး၊ သံဝေဂ မပါပဲနဲ့လည်း မဂ်ကိုအားမထုတ်ချင်သေးဘူး . . . (မှန်ပါ့) ထုတ်ချင်လား . . . (မထုတ်ချင်ပါဘူးဘုရား)။

## သံဝေဂပဋိစ္စသမုပ္ပါဒ်

အဲ့ဒါကြောင့် ဒါသံဝေဂ ပဋိစ္စသမုပ္ပါဒ် . . . (မှန်ပါ့) ဒါဖြင့် ဒီဟာကိုပဲ ခင်ဗျားတို့ကလည်း အတော်ခက်နေတာ (မှန်ပါ့)။

ဒီ ပဋိစ္စသမုပ္ပါဒ်ကိုပဲ တချို့ လည်ချင်တုန်းရှိသေးတယ် (မှန်ပါ့) ကဲ ဒီအထဲ ဒကာ ဒကာမတွေ တချို့မသိပဲနဲ့ ဘယ့်နှယ်ထင်ကြတုံး . . . (လည်ချင်ပါတယ်ဘုရား)။

လည်ချင်တုန်းရှိသေးတယ် ဒီဘဝစုတေမနေ သေလွန်တော့ ပြဟ္မာကောင်၊ နတ်ကောင်ဖြစ်ရင် ကျေနပ်ပါပြီ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲ့ဒါ ဘာပြောတာတုံး . . . (လည်ချင်တုန်း ပြောတာပါ ဘုရား) လည်ချင်တာက သူလည်ချင်တာရိုးရိုးလား၊ နောက်ထပ် လိုချင်တာ ပြောတာလား . . . (နောက်ထပ်လိုချင်တာ သူပြော တာပါဘုရား)။

ဟာ! သေလို့ အားမရသေးဘူးလား မေးရုံပဲရှိမှာပဲ . . . (မှန်ပါ့) ဒီပြင် ဘာမေးစရာရှိသေးသတုံး . . . (မရှိပါဘူးဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ်တဲ့ . . . (မူလ ပဋိစ္စသမုပ္ပါဒ်ပါဘုရား) မူလပဋိစ္စသမုပ္ပါဒ်တဲ့ အစ သံသရာက စလာတယ် ဒီအတိုင်းပါပဲ တဲ့ ရှင်းပလား . . . (ရှင်းပါတယ်ဘုရား)။

အဲတော့ ဒါကဘီးကြီးနော် . . . (မှန်ပါ့) ဒါခင်ဗျားတို့ ခန္ဓာကိုယ်ကို ဖေါ်တဲ့ ဘီးကြီးသာမှတ်ပါ . . . (မှန်ပါ့) သဘောကျ ပလား . . (ကျပါတယ်ဘုရား)။

ဒါက ဘာတုံး . . . (ဘီးကြီးပါဘုရား) ဘီးကြီး၊ ဘီးနဲ့ဝင်ရိုး ပဲ . . . (မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာကိုယ်က ဒီမယ်ကြည့်လေ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာတွေက ဒီဘက်ပါ သွားပြီမို့လား . . . (မှန်ပါ့)။

အဲ့တော့ ဒီငါးပါးက ခင်ဗျားတို့ ဘီးကြီးမှာတပ်တဲ့ လှည်းအိမ်ကြီးသာမှတ်ထား၊ ဒါက ဘီးကြီးထားနော် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘီးကြီး၊ ဒီဘက်က ဇရာ၊ မရဏ ဒေါက်တွေကော ပါပလား . . . (ပါပါပြီဘုရား) ဒီက ခန္ဓာလှည်း အိမ်ကြီး . . . (မှန်ပါ့)။

ဒီခန္ဓာကြီးလည်ပြီးတော့ ဘီးကြီးကတော့ လှည့်နေတာပဲ ဘီးကြီးလည်တာကို ဒီခန္ဓာကြီးက မလှည့်ရဘူးလား . . . (လှည့်ရပါတယ်ဘုရား)။

ဘာခန္ဓာတုံးလို့ မေးလို့ရှိရင်တော့ ဒေါက်သဘော အတိုင်း ဖြစ်နေတယ် . . . (မှန်ပါ့) ဒီဒေါက်က ကုသိုလ်ကံဖြစ်လို့ရှိရင် နတ်ခန္ဓာ။

ဒီ ဒေါက်က အာနဉ္စာဘိ သင်္ခါရဆိုတော့ ဗြဟ္မာပြည် ရောက်ကြောင်း ဒေါက်ဖြစ်လို့ရှိရင်လည်း ဗြဟ္မာခန္ဓာပေါ့ဗျာ (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးနဲ့ ဒီဘီးနဲ့ ဒီဘီးသွားရာ ဒီခန္ဓာမလိုက်ရဘူး လား . . . (လိုက်ရပါတယ်ဘုရား)။

ဒါဖြင့် ဒီဘီးကြီးကလည်း ဒကာ ဒကာမတို့ အထက် အောက် အကုန်လည်မနေဘူးလား . . . (လည်နေပါတယ် ဘုရား)။

ဒီ ခန္ဓာကြီးကကော ဘယ့်နှယ့်တုံး . . . (အထက် အောက် လည်နေပါတယ်ဘုရား) အထက်အောက်လှည့်

နေတယ်၊ ဒီခန္ဓာပြီး ဟိုခန္ဓာ၊ ဟိုခန္ဓာပြီး ဟိုခန္ဓာ မလှည့်ပေဘူးလား၊ လှည့်လား . . . (လှည့်ပါတယ်ဘုရား)။

## နောက်တုန်းကဘယ်လိုနေခဲ့ရတုံး

ဒါဖြင့် ဒကာ ဒကာမတို့သည် နောက်တုန်းက ဖြစ်စဉ် သေချာပလား . . . (သေချာပါပြီဘုရား) ဘယ်လိုများ နေခဲ့ရတုံး (အိုနာသေပါဘုရား)။

အိုနာသေမှာ လမ်းဆုံးခဲ့ရတယ် ဒီဘီးကြီးလှည့် သလောက် လိုက်နေရတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘယ်လိုနေခဲ့ရတုံး . . . (ဒီဘီးကြီးလှည့်သလောက် လိုက်နေရပါတယ် ဘုရား) လိုက်တော့လိုက်နေရတယ်။ လိုက်တော့ အလိုက်ကောင်းလား၊ အလိုက်ဆိုးလား . . . (အလိုက်ဆိုးပါဘုရား)။

ဘာမှာလမ်းဆုံးနေတုံး . . . (အိုနာသေမှာလမ်းဆုံး နေပါတယ်ဘုရား) အိုသေမှာ လမ်းဆုံးတယ် . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်မှမလိုက်ကြနဲ့တော့ အိုသေ ဇာတ်သိမ်းပါ . . . (မှန်ပါ့) မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါ တယ်ဘုရား)။

ဘာ ဇာတ်သိမ်းပါတဲ့ . . . (အိုသေမှာ ဇာတ်သိမ်းပါတယ်ဘုရား) အိုသေ ဇာတ်သိမ်းဆိုတော့ ဒကာ ဒကာမတို့ အိုသေဇာတ်သိမ်းမှသာလျှင် မအိုရာ နိဗ္ဗာန်ကိုး . . . (မှန်ပါ့)။

မသေရာသည် . . . (နိဗ္ဗာန်ကိုပါဘုရား) ဒါဖြင့်သူ့ဘယ်သူ့ဇာတ်သိမ်းရမှာတုံး . . . (အိုသေ ဇာတ်သိမ်းရမှာပါဘုရား)။

အဲ အိုသေ ဇာတ်သိမ်းချင်လို့ရှိရင်ဖြင့် အိုသေကို ဒကာဒကာမတွေက စဉ်းစားတော့ အိုသေ ဒေါက်ကပေးတာ . . . (မှန်လှပါ)။

## ဒေါက်ကိုဘယ်သူကခိုင်တာတုံး

အိုသေကို ဘယ်သူက ပေးတာတုံး . . . (ဒေါက်ကပေးတာပါဘုရား) ဒေါက်ကို ဘယ်သူကခိုင်အောင်လုပ်နေတာတုံး . . . (ပဒေါင်းကပါဘုရား)။

ပဒေါင်းကို ဘယ်သူလုပ်ပေးတုံး . . . (ဝင်ရိုးကပါဘုရား) ဝင်ရိုး၊ ဝင်ရိုး၊ ဝင်ရိုး ကြောက်စရာကောင်းတယ် . . . (မှန်ပါ့)။ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဝင်ရိုး ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ပလား . . (ပေါ်ပါပြီဘုရား) အံမာလေး ဒကာ ဒကာမတို့ ဒီနေ့ ကတဉာဏ်ဖြစ်တဲ့ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ဦးခင်မောင်ရ ဟောနိုင်ပုံမရဘူး . . . (မရပါဘူးဘုရား)။

မူလ ပဋိစ္စသမုပ္ပါဒ်နဲ့ နာရီကစေ့ပုံရနေတယ်၊ ကိစ္စမရှိပါဘူး ဒကာ ဒကာမတို့ နားလည်မှာပဲ၊ ကဲမူလပဋိသစ္စသမုပ္ပါဒ် တော်တော်ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒို့ နောက်တုန်းက ဘယ်လိုနေခဲ့ရတုံး အထက်အောက် ပြောင်းပြန်လှည့်နေခဲ့ရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

လှည့်တော့ လှည့်တာပဲ၊ လှည့်ပင်လှည့်ငြားသော်လည်း ဘယ်လိုများ လက်စသတ်ခဲ့ရတုံး . . . (အိုသေမှာလမ်းဆုံးခဲ့ပါ တယ်ဘုရား)။

လှည့်လဲလှည့်ရသေး သဘောကျပလား . . . (ကျပါ တယ်ဘုရား) ဘယ်ဟာနဲ့ပဲ လက်စသတ်ခဲ့ရတုံး . . . (အိုသေနဲ့လက်စသတ်ခဲ့ရပါတယ်ဘုရား)။

ဒါဖြင့် အိုသေလက်စသတ် ပျောက်ပါတော့လား အိုသေကြီး ငြင်းပါတော့လား၊ မဟောသင့်ဘူးလား . . . (ဟောသင့်ပါတယ်ဘုရား)။

## ကံကုန်ရင်အိုသေကုန်မယ်

ဟောသင့်တယ်နော် . . . (ဟောသင့်ပါတယ်ဘုရား) ဟောသင့်တော့ ဒါက ဒေါက်ကံကုန်လို့ရှိရင်တော့ဖြင့် ဒကာ ဒကာမတို့ အိုသေကုန်မှာပဲ . . . (မှန်ပါ့)။

ဒေါက်ကံမကုန်ရင်တော့ . . . (အိုသေမကုန်ပါဘူး ဘုရား) သို့သော် ခင်ဗျားတို့က ယခု ခင်ဗျားတို့မှာ ဒွါရ ဘယ်နှစ် ပေါက်ရှိသတုံး . . . (ခြောက်ပေါက်ပါဘုရား)။

## ဒွါရခြောက်ပေါက်ကာစက်ရုံတွေ

ကိုင်း ဒွါရခြောက်ပေါက်က နေပြီးသကာလ ဒကာ ဒကာမတွေ ဒေါက်လဲတဲ့ လျှည်းအိမ်က ခြောက်ရုံတောင်ရှိတယ် . . . (မှန်ပါ့)။

ဒေါက်လဲတဲ့ လှည်းအိမ်က ဘယ်နှစ်ရုံရှိတုံး . . . (ခြောက်ရုံပါဘုရား) ရ,ပါ့ဗျား။

ဘယ့်နှယ်ထင်ကြတုံး ဒကာ ဒကာမတွေ ဒေါက်လဲတဲ့ လှည်းရုံ . . . (ခြောက်ရုံပါဘုရား) ခြောက်ရုံရှိတယ်။

မျက်လုံးပေါက်ကနေပြီးသကာလလည်း အဝိဇ္ဇာ၊ တဏှာ ပဒေါင်းလဲမယ့်လူနဲ့ မရှိဘူးလား . . . (ရှိပါတယ်ဘုရား) ဝင်ရိုး လဲမယ့်လူကော . . . (ရှိပါတယ်ဘုရား)။

အဲ ဒေါက်လဲမယ့်လူကော . . . (ရှိပါတယ်ဘုရား) ဒါဖြင့် ဒီခြောက်ရုံက ဘာလုပ်နေတာတုံး နေ့တိုင်း နေ့တိုင်း ဒေါက်လိုရင် ဒေါက်လဲမယ် . . . (မှန်ပါ့)။

ပဒေါင်းကုန်ရင် . . . (ပဒေါင်းလဲမှာပါဘုရား) သံပတ်ခွေ ပြုတ်ရင် . . . (သံပတ်ခွေလဲမှာပါဘုရား)။

ဒါက ခင်ဗျားတို့က နေ့တိုင်းလုပ်နေတယ် မျက်လုံးပေါက်က လောဘ၊ ဒေါသ၊ မောဟ မလာဘူးလား . . . (လာပါတယ်ဘုရား)။

မျက်လုံး ပေါက်က မြင်တာနဲ့ပဲ ဘုံဘဝတောင်းတပြီး လျှောချင်တဲ့ကံတွေကော မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကိုင်း ဒီရုံခြောက်ရုံ ဘာရုံလို့ဆိုကြမတုံး . . . (ဒေါက်ရုံပါဘုရား) ဒေါက်တင်မဆိုနဲ့။

## ဘာလုပ်တဲ့စက်ရုံတွေပါလိမ့်

ပဒေါင်းလဲတဲ့ရုံ၊ ဝင်ရိုးလဲတဲ့ရုံ၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အဲ သံပတ်ခွေပျော့သွားလို့ရှိရင်တော့ . . . (မာအောင်ပြန်လုပ်ပေးမှာပါဘုရား) မာအောင် လုပ်ပေးမဲ့ရုံ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အိုသေများ နည်းသွားလို့ရှိရင် ထပ်ပေးမဲ့ရုံရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒွါရခြောက်ပေါက်က ဘာခေါ်ကြမယ် . . . စက်ရုံ ဘာလုပ်တဲ့စက်ရုံပါလိမ့် . . . (ပဒေါင်း၊ ဒေါက်၊ ဝင်ရိုး၊ သံပတ်ခွေ) အကုန်၊ အကုန်။

ဝင်ရိုးညွှတ်သွားရင်. . (ဝင်ရိုးလဲပေးမှာပါဘုရား) ဝင်ရိုးလဲပေးမယ်။ ပဒေါင်းညွှတ်သွားရင် . . . (ပဒေါင်းလဲပေးမှာပါဘုရား)။

ဒေါက်ညွှတ်သွားရင် . . . (ဒေါက်လဲပေးမှာပါဘုရား)။ သံပတ်ခွေပျော့သွားရင် . . . (သံပတ်ခွေမာအောင်လုပ်ပေးမှာပါဘုရား)။

ကဲ သွားပါပြီဗျာ ဒီခြောက်ရုံကလည်း အတော်အရေးကြီးပါလား . . . (ကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒါဖြင့် တစ်နေ့ကို ဝင်ရိုးဘယ်နှစ်ချောင်းပြီးလို့၊ ဒေါက်ဘယ်နှစ်ခုပြီးကြလို့၊ ပဒေါင်းဘယ်နှစ်ခု ပြီးပတုံးမေးရင် ဘယ့်နှယ်ပြောကြမတုံး . . . (မရေမတွက်နိုင်ပါဘူးဘုရား)။

အံမယ် တယ်လွယ်ပဲ့လားဗျ၊ ဒီစက်ရုံကြီးက အနောက်နိုင်ငံက စက်ရုံကြီးတွေလိုထွက်တယ် . . . (မှန်ပဲ့) မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား)။

အနောက်နိုင်ငံက စက်ရုံကြီးတွေလို တစ်နေ့မှ ကားတစ်စီးထွက်ရင် သူကတစ်နေ့ဆို ဒီကအများကြီး ထွက်မယ်၊ မထွက်ပေဘူးလား . . . (ထွက်ပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဒွါရခြောက်ပေါက်အကြောင်းတော့ ကောင်းကောင်းသိပလား . . . (သိပါပြီဘုရား)။

ဦးခင်မောင် ကောင်းကောင်းသိပလား . . . (သိပါပြီဘုရား) ဘာလုပ်နေကြတာတုံး . . . (အကုန်လုပ်နေပါတယ်ဘုရား)။

## ဒွါရခြောက်ပေါက်က အကုန်လုပ်ပေးတယ်

အကုန်လုပ်တာ၊ ဝင်ရှိုးလိုရင် . . . (ဝင်ရှိုးလဲပေးပါတယ်ဘုရား) ပဒေါင်းလိုရင် . . . (ပဒေါင်းလဲပေးပါတယ်ဘုရား) ဒေါက်လိုရင် . . . (ဒေါက်လဲပေးပါတယ်ဘုရား)။

သံပတ်ခွေလိုရင် . . . (သံပတ်ခွေလဲပေးပါတယ်ဘုရား) အံမယ် အတော်တတ်တဲ့ စက်ရုံပါလား။ ဘယ်နှစ်ရုံရှိတုံး (ခြောက်ရုံရှိပါတယ်ဘုရား)။

တစ်ရုံတစ်ရုံကလည်း ဘယ်နှစ်မျိုးလုပ်နိုင်တုံးဆိုရင် လေးမျိုးစလုံး၊ လေးမျိုးစလုံးလုပ်နိုင်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နည်းတူ လုပ်နိုင်တယ်ဆိုတော့ နောက်ရုံကလည်း ဘာလုပ်တတ်တုံး၊ လေးမျိုးစလုံး၊ နောက်ရုံကကော (လေးမျိုးစလုံးပါဘုရား)။

မျက်လုံး ပေါက်က၊ နားပေါက်က၊ နှာခေါင်းပေါက်က၊ လျှာပေါက်က၊ ကိုယ်ပေါက်က၊ မနောပေါက်က . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်မျိုးလုပ်တတ်တုံး . . . (လေးမျိုးလုပ်တတ်ပါတယ်ဘုရား) တစ်ရုံဘယ်နှစ်မျိုးလုပ်တတ်တုံး (လေးမျိုးလုပ်တတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟိုက မပျက်ခင် ဒီက ဘီးတွေလဲသဘောကျပလား . . . (ကျပါပြီဘုရား)။

ဟိုက မကျိုးခင်၊ မပျက်ခင်၊ မဆွေးခင် ဒီကလုပ်ထားတာက ဘယ်လောက်များနေတုံး . . . (မရေမတွက် နိုင်အောင်ပါဘုရား)။

ဒါဖြင့် ဒီ ဘီးကြီးဟာ ပျက်စရာရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား) ပျောက်စရာကော . . . (မရှိပါဘူးဘုရား)။

အဲ့ဒါကြောင့် ဘုရားအဆူဆူနဲ့လွဲပြီး လည်နေတာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ်တဲ့ . . . (မူလပဋိစ္စသမုပ္ပါဒ်ပါဘုရား) ပဝတ္တိ ပဋိစ္စသမုပ္ပါဒ်ကတော့ အလုပ်နဲ့သွင်းရမယ် (မှန်ပါ့)။

ဒါက သံဝေဂကို ဟောတာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

တဲ ယနေ့ ဒီတွင် တော်ပါဦးမယ် . . . ။

သာဓု . . . သာဓု . . . သာဓု။